# နေ့စဉ်သတင်းများ စုဆောင်းတင်ပြခြင်း

(No.50 , August 15, 2020)

၁။ ၂၁ ရာစု ပင်လုံ စတုတ္ထအကြိမ် FPNCC မတက်ရောက်နိုင်ကြောင်းကြေညာ

၂။ ကရင်ပြည်သူ့ပါတီ တပ်ချုပ်နှင့် သွားတွေ့ခြင်းမရှိဟု အတည်ပြုပြော

၃။ ဒေသလိုအပ်ချက်တွေ ဖြည့်ဆည်းပေးနိုင်ရေး ပြည်နယ်လွှတ်တော်တွေမှာ အနိုင်ရဖို့ တိုင်းရင်းသားပါတီတွေ ကြိုးပမ်းနေ

၄။ ပြည်ထောင်စု သဘောတူစာချုပ် အစိတ်အပိုင်း(၃)တွင် ပါဝင်မည့် အချက်အချို့ ကနဦး သဘောတူညီချက်ရရှိ

၅။ လှိုင်ကော်တောင်သူတွေကို စွဲထားတဲ့အမှု ပြည်နယ်တရားရုံးက ပလပ်

၆။ SNDP (ကျားဖြူ) ရွေးကောက်ပွဲဝင်ပြိုင်မည့် ကိုယ်စားလှယ်လောင်းများ စိစစ်ဆဲ

၇။ ဘဲကရက်ရှိ စောဘဦးကြီးခမ်းမ၌ ပြုလုပ်သည့် ကရင်အာဇာနည်နေ့သို့ လူထုထောင်နှင့်ချီ တက်ရောက်ခဲ့

၈။ တီးတိန်မြို့ခရိုင်ရရှိနိုင်ရေးမှာ သမ္မတ၏ အဆုံးအဖြတ်ပေါ်မူတည်နေဟု ဒုသမ္မတဆို

၉။ ဖားကန့်ဒေသ ရေကြီးရေလျှံမှု လျှော့ချရန် ဥရုချောင်း ဆယ်ယူရေး ဆက်တိုက် လုပ်ဆောင်ရမည်ဟု ကချင်ပြည်နယ် အစိုးရ အဖွဲ့တာဝန်ရှိသူ ပြောကြား

၁၀။ မဟာမိတ်ဖွဲ့ထားတဲ့ဒေသခံနှစ်ပါတီတွင် အမျိုးသမီးကိုယ်စားလှယ်လောင်းပါဝင်မှု ၃၂ ရာခိုင်နှုန်းကျော်ရှိ

၁၁။ ကျောက်တော်မြို့နယ်မှာ ရွာသား ငါးဦး ဖမ်းဆီးခံရ

၁၂။ မြဝတီခရိုင်အတွင်း မဲပေးခွင့်ရှိသူ လူဦးရေ ၁၁၅,၀၈၃ ဦးရှိပြီး ထပ်မံပြင်ဆင်ဖြည့်စွက်သူ ၁၀,၀၀၀ ခန့်ရှိ

၁၃။ မြောက်ပိုင်းအဖွဲ့များ ငြိမ်းချမ်းရေးညီလာခံ တက်ရန် ငြင်းဆန်မှု အစိုးရ၏ ကလေးဆန်မှုကြောင့် ရှက်စရာ အလွန် ကောင်းဟုဆို

၁၄။ တပ်မတော်က ဖမ်းဆီးသွားသည့် အလယ်ချောင်းရွာသားများ နှိပ်စက်ခံရဟု မိသားစုပြော

၁၅။ လုံးစွတ် စစ်ရှောင်စခန်းတွင် သောက်သုံးရေ အခက်အခဲဖြစ်နေ

၁၇။ တပ်ချုပ်နဲ့ နိုင်ငံရေးပါတီ ၃၀ ကျော် တွေ့ဆုံ

၁၈။ ၂၀၂၀ ရွေးကောက်ပွဲတွင် ရခိုင်ပြည်နယ်မှ တစ်သီးပုဂ္ဂလဝင်ပြိုင်မည့် ကိုယ်စားလှယ်လောင်း ၄၀ ကျော်ရှိ

၁၉။ ဗန်းမော်ခရိုင်အတွင်း ကျေးရွာ ၅၀ ကျော်လျှပ်စစ်မီးရရှိနိုင်မည့် စင်းခန်းဓာတ်အားခွဲရုံ ဖွင့်လှစ်

၂၀။ မွန်ပြည်နယ်အတွင်း သွေးလွန်တုတ်ကွေးဖြစ်ပွားသူ ရောဂါဖြစ်ပွားသူ ၈၀၀ ကျော်၊ သေဆုံးသူ ၃ ဦးရှိ

၂၁။ ကျောက်တော်မြို့မရဲစခန်းမှူး သေနတ်ပစ် လုပ်ကြံခံရ

၂၂။ သထုံမြို့နယ်တွင် ICE နှင့် WY မူးယစ်ဆေးဝါး ကျပ်သိန်းပေါင်း ၄ သောင်းနီးပါးတန်ဖိုး လက်ရဖမ်းဆီးမိ

## ၁။ ၂၁ ရာစု ပင်လုံ စတုတ္ထအကြိမ် FPNCC မတက်ရောက်နိုင်ကြောင်းကြေညာ

August 13, 2020

ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံ (၂၁)ရာစု ပင်လုံစတုတ္ထအကြိမ် အစည်းအဝေးကို ပြည်ထောင်စု နိုင်ငံရေး ဆွေးနွေးရေး ကော်မတီ (FPNCC ) အဖွဲ့ဝင်များ မတက်ရောက်နိုင်ကြောင်း ဩဂုတ် ၁၃ ရက်စွဲဖြင့်ကြေညာချက်ထုတ်လိုက်သည်။

FPNCC အဖွဲ့ဝင်များသည် တနိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်မထိုးထားသေးသည့် "ဝ" ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP)၊ ကချင်လွတ်မြောက်ရေးတပ်မတော်(KIA)၊ သျှမ်းပြည် တိုးတက်ရေးပါတီ (SSPP/SSA)၊ မိုင်းလားအဖွဲ့(NDAA)၊ ကိုးကန့်အဖွဲ့ (MNDAA)၊ တအာင်း(ပလောင်)တပ်ဖွဲ့ (TNLA)နှင့် ရခိုင်တပ်မတော် (AA) တို့ ဖြစ်ကြသည်။ "ဝ" အထူးဒေသ (၂) ပန်ခမ်းမြို့တွင် FPNCC အစည်းအဝေးပြုလုပ်ရာ၌ ထိုသို့ ဆုံးဖြတ်ခဲ့ကြခြင်းဖြစ်သည်။

၂၁ ရာစု ပင်လုံညီလာခံသည် ကိုဗစ်-၁၉ ကပ်ရောဂါပြန့်ပွားနေသည့် အချိန်ကာလတွင် ကျင်းပသည့်အတွက်ကြောင့် တောင်ပေါ်နယ်စပ် ဒေသများတွင် ဆေးဝါးကုသရေး ပညာအားနည်းခြင်း၊ ဆေးဝါး ကုသမှု စက်ကိရိယာများ မပြည့်စုံခြင်း၊ ကိုဗစ် -၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေး ကာလတွင်အသွားအလာခရီးစဉ်များခက်ခဲသဖြင့် ညီလာခံကို မတက်ရောက်နိုင်ခြင်းဖြစ်ကြောင်း ထုတ်ပြန်ချက်တွင်ရေးသားထားသည်။ စတုတ္ထအကြိမ် ညီလာခံတွင် ပြည်ထောင်စု အစိုးရမှ ရက္ခိုင့်တပ်မတော် (AA) ကိုဖိတ်ကြားခြင်း မရှိသည့်အတွက်လည်း FPNCC အနေဖြင့်များစွာစိတ်မကောင်းဖြစ်မိကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ၂၁ ရာစု ပင်လုံ ညီလာခံကို ဩဂုတ် ၁၉ ရက်တွင်စတင်ကျင်းပမည် ဟု သိရသည်။

ထိုညီလာခံတက်ခြင်း၊ မတက်ခြင်းသည် အပစ်မရပ်သေးတဲ့ တပ်ဖွဲ့များအတွက် ထူးခြားလာမည်မဟုတ်ကြောင်းလည်း TNLA က သျှမ်းသံတော်ဆင့်ကို ပြောဆိုခဲ့သည်။ https://burmese.shannews.org/archives/17933

***************

## ၂။ ကရင်ပြည်သူ့ ပါတီ တပ်ချုပ်နှင့် သွားတွေ့ခြင်းမရှိဟု အတည်ပြုပြော

August 14, 2020

ကရင်ပြည်သူ့ ပါတီ (KPP) အနေဖြင့် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် သွားရောက်တွေ့ဆုံခြင်းမရှိကြောင်း ပါတီ၏ ဒုဥက္ကဋ္ဌ စောစေးဝါးက ကေအိုင်စီသို့ အတည်ပြုပြောသည်။ (ဩဂုတ် ၁၄) ရက်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမ၌ ကာချုပ်နှင့် နိုင်ငံရေးပါတီ ၃၀ ကျော် တာဝန်ရှိသူများတွေ့ဆုံပွဲ ပြုလုပ်ခဲ့ရာ ကရင်ပြည်သူ့ပါတီ တက်ရောက်ခဲ့သည်ဟု သတင်းထွက်ပေါ်နေမှုအပေါ် စောစေးဝါးက ယခုလို ပြောသည်။

"တပ်မတော်ဆိုတာ နိုင်ငံရေးနဲ့ သိပ်ပတ်သက်တာမှာမဟုတ်တာ၊ တွေ့ဖို့ အကြောင်းမရှိဘူး။ ကင်းကင်းရှင်းရှင်း နေကြတာ ကောင်းတယ်လေ။ အခုလို ရွေး ကောက်ပွဲ နီးနေတဲ့ ကာလရှုပ်ရှုပ်ထွေးထွေးတွေဖြစ်မှာစိုးလို့ ဒီအတိုင်းပဲ နေလိုက် တာပေါ့ကွာ။ ကိုယ့်ဘာသာ ကိုယ်သီးသီးသန့်သန့် နေတာ။ kpp က ဘယ် အင်အား စုနဲ့ မှ မရောချင်ဘူး။ ကိုယ့်ကရင်အမျိုးသားတွေအတွက် အမျိုးသားရေး သီးသန့်ပဲရပ် တည်သွားမယ်"ဟု စောစေးဝါးက ဩဂုတ် ၁၄ ရက်နေ့ ညနေပိုင်းတွင် ကေအိုင်စီသို့ ပြောသည်။ " လူမှုကွန်ရက်မှာ တက်လာတာက သွားတွေ့တယ်လို့ရေးထားတယ်။ စိစစ်နေတယ်။ အမှန်ပြင်ပေးဖို့ မေတ္တာရပ်ခံပါတယ်။ မပြင်ဘူးဆို ပါတီကိုတော့ တောင်းပန်ရမယ်။ အများပြည်သူကို မမှန်သတင်းဖြန့်တဲ့အတွက် တခုခုတော့ လုပ်ဖို့ ပါတီတွင်း ပြန်တိုင် ပင်မယ်" ဟု ၎င်းက ကေအိုင်စီသို့ ပြောသည်။

တပ်မတော်သတင်းမှန် ပြန်ကြားရေးအဖွဲ့က တပ်ချုပ်နှင့် နိုင်ငံရေးပါတီများ တွေ့ဆုံပွဲ တက်ရောက်ခဲ့သည့် သတင်းထုတ်ပြန်ချက်တွင် KPP မပါဝင်သော်လည်း ကရင်ပြည် နယ်အခြေစိုက် ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ (KNDP) နာယကစောထွန်းကြည်တက်ရောက်သည်ဟု ဖော်ပြထားသည်။ http://kicnews.org/2020/08/%e1%80%80%e1%80%9b%e1%80%84%e1%80%b9%e1%80%bb%e1%

**************

## ၃။ ဒေသလိုအပ်ချက်တွေ ဖြည့်ဆည်းပေးနိုင်ရေး ပြည်နယ်လွှတ်တော်တွေမှာ အနိုင်ရဖို့ တိုင်းရင်းသားပါတီတွေ ကြိုးပမ်းနေ

August, 15 2020

အခုလာမယ့် ၂၀၂၀ ရွေးကောက်ပွဲအတွင်း တိုင်းရင်းသား ပြည်နယ်တွေမှာ ဒေသခံတိုင်းရင်းသားပါတီ ကိုယ်စားလှယ်တွေက အများစု အနိုင်ရလိမ့်မယ်ဆိုတဲ့ ခန့်မှန်းချက် ထွက်ပေါ်နေပေမယ့် တနိုင်ငံလုံး အတိုင်းအတာအရ ဆိုရင်တော့ အင်အားကြီး နိုင်ငံရေးပါတီတွေကသာ အနိုင်ရဖို့ ပိုများနေတာပါ။ ၂၀၀၈ ဖွဲ့စည်းပုံအရ တနိုင်ငံလုံးမှာ အများစုအနိုင်ရလာမယ့် ပါတီကသာ သမ္မတကို တင်မြှောက်မှာဖြစ်သလို၊ တိုင်းဒေသကြီးနဲ့ ပြည်နယ် ဝန်ကြီးချုပ်တွေကိုလည်း အဲဒီသမ္မတကပဲ ခန့်အပ်မှာဖြစ်ပြီး ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးတွေကိုပါ အာဏာရပါတီ စိတ်ကြိုက် ခန့်ထားမှာ ဖြစ်ပါတယ်။

ဒီလိုအခြေအနေတွေကြောင့် တိုင်းနဲ့ ပြည်နယ်လွှတ်တော်တွေ အထူးသဖြင့် ပြည်နယ် လွှတ်တော်တွေကို ပြည်သူလူထုရဲ့ဆန္ဒ ၊ လိုလားချက်တွေအတိုင်း လွတ်လပ်ပြီး လုပ်ပိုင်ခွင့်ပိုင်ရှိတဲ့ လွှတ်တော်တွေဖြစ်လာအောင် ကြိုးပမ်းသွားမယ်လို့ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် SNLD ဒုဥက္ကဌ ဦးစိုင်းညွန့်လွင်က သူ့ရဲ့ ကိုယ်ပိုင်အမြင်ကို ချပြပါတယ်။ အင်အားကြီး နိုင်ငံရေးပါတီတခုက မဲအပြတ်အသတ် အနိုင်မရပဲ၊ အစိုးရ မဖွဲ့နိုင်ခဲ့ရင် ဖြစ်ပေါ်လာနိုင်တဲ့ ညွန့်ပေါင်းလို အစိုးရအဖွဲ့မှာ တိုင်းရင်းသားပါတီတွေက ပူးပေါင်းဖို့ စဉ်းစားချက်တွေ ရှိနေတယ်လို့ ၂၀၁၅ ရွေးကောက်ပွဲတုန်းက ရခိုင်ပြည်နယ်မှာ အများစု အနိုင်ရခဲ့တဲ့ ရခိုင်အမျိုးသားပါတီ ANP ရဲ့ ဒုဥက္ကဌ ဒေါ်အေးနုစိန်က ပြောပါတယ်။

၂၀၀၈ ဖွဲ့စည်းပုံပါ ပုဒ်မ ၂၆၀ ကို ပြင်နိုင်မှသာ ပြည်နယ်တွေမှာ အများစုအနိုင်ရတဲ့ တိုင်းရင်းသားပါတီက သူတို့စိတ်ကြိုက် ပြည်နယ်အစိုးရကို ဖွဲ့စည်းခွင့် ရနိုင်မှာဖြစ်တယ်လို့ ဦးသန်းစိုးနိုင်က ထောက်ပြပါတယ်။ တကယ်တော့ အခုလာမယ့် ရွေးကောက်ပွဲအတွင်း ပြည်နယ်တွေမှာ တိုင်းရင်းသားပါတီတွေ လူများစုအနိုင်ရခဲ့ရင်တောင် တိုင်းရင်းသားတွေအရေး ငြိမ်းချမ်းရေးနဲ့ ဖက်ဒရယ်လို အရေးကိစ္စတွေ့အတွက် နောက်လာမယ့် အစိုးရသက်တမ်း ၅ နှစ်အတွင်း အလားအလာ ကောင်းနိုင်ပါ့မလားဆိုတာ တိုင်းရင်းသားတွေကြား စိုးရိမ်မှု ထွက်ပေါ်နေပါတယ်။ https://burmese.voanews.com/a/ethnic-party-preparation-for-2020-election-/5544657.html

***************

## ၄။ ပြည်ထောင်စု သဘောတူစာချုပ် အစိတ်အပိုင်း(၃)တွင် ပါဝင်မည့် အချက်အချို့ ကနဦး သဘောတူညီချက်ရရှိ

August 13, 2020

လာမည့် ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံ ၂၁ရာစုပင်လုံ စတုတ္ထအကြိမ်မြောက် အစည်းအဝေးတွင် ပြည် ထောင်စု သဘောတူစာချုပ် အစိတ်အပိုင်း(၃)အနေဖြင့် ချုပ်ဆိုမည့် အချက်အချို့ကို ယမန်နေ့က ပြုလုပ် ပြီးစီးခဲ့သည့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအ စည်းအဝေး (JICM) အကြိုညှိနှိုင်း အစည်းအဝေး၌ ကနဦးသဘောတူညီချက်အချို့ ရရှိခဲ့ကြောင်း သိရသည်။

နေပြည်တော်ရှိ အမျိုးသားပြန်လည် သင့်မြတ် ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC)၌ ဩဂုတ်လ (၁၁) ရက် နေ့မှ စတင်ကျင်းပခဲ့သည့် အစိုးရနှင့် တစ်နိုင်ငံလုံး ပစ်ခတ် တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် လက်မှတ် ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ (NCA-S EAO) ညှိနှိုင်းရေးအဖွဲ့တို့၏ JICM အစည်းအဝေးပြီးပြောကြားသည့် ညှိနှိုင်းရေး အဖွဲ့ခေါင်းဆောင် ဗိုလ်မှူးကြီး စိုင်းငင်း၏ နိဂုံးချုပ် အမှာစကား၌ ယခုလို ထည့်သွင်းပြောဆိုခဲ့ခြင်းဖြစ်သည်။

"ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံ စတုတ္ထ အစည်းအဝေးမှာ လက်မှတ်ရေးထိုးချုပ်ဆိုမယ့် ပြည်ထောင်စု သဘောတူစာချုပ် အစိတ်အပိုင်း (၃)မှာ ပါဝင်မယ့် အဓိက အပိုင်း (၃)ပိုင်းဖြစ်တဲ့ NCA အကောင် အထည်ဖော်မှုဆိုင်ရာ မူဘောင်သဘောတူညီချက် (၁၅)ချက်၊ ၂၀၂၀ အလွန် အဆင့်လိုက် လုပ်ငန်းစဉ်များနဲ့ အဆင့်လိုက် အကောင်အထည် ဖော်မှုများရဲ့ ခေါင်းစဉ်ကြီး (၈)ခုနဲ့ ဆက်လက်ညှိနှိုင်းရမယ့် နှစ်ဖက်အဆိုပြု ခေါင်းစဉ်ခွဲများ၊ အပိုင်း(၃) ဖက်ဒရယ်အခြေခံမူ သဘောတူညီချက် (၅)ချက်တို့ကို ဒီအစည်းအဝေးမှာ သဘော တူညီနိုင်ခဲ့ပါတယ်။" ဟု ထည့်သွင်းပြောဆိုခဲ့ခြင်းဖြစ်သည်။ အစိတ်အပိုင်း (၃)မှာ ပါဝင်မည့် အဓိက အပိုင်း ၃ ပိုင်းအနက် အပိုင်း (၁) NCA အကောင်အထည်ဖော်မှုဆိုင်ရာ မူဘောင် သဘောတူညီပါ အချက် ၁၅ ချက်လုံး သဘောတူညီခဲ့သလို အပိုင်း(၂)တွင်ပါဝင်သည့် ၂၀၂၀ ပြည့် ရွေးကောက်ပွဲအလွန် အဆင့်လိုက်လုပ်ငန်းစဉ်နှင့် အကောင်အထည်ဖော်မှုတွင် ဇယား (၁) နှင့် (၂)ရှိသည့် အနက် ဇယား(၁)ကို ညှိနှိုင်း နိုင်ခဲ့ခြင်း ဖြစ်ပြီး အပိုင်း(၃)ရှိ ဒီမိုကရေစီနှင့် ဖက်ဒရယ် တည်ဆောက်ရေးဆိုင်ရာ အခြေခံမူလမ်းညွှန်မှာဆွေးနွေးချက် (၈)ချက်အနက် က ၅ချက်ကို ညှိနှိုင်းသဘောတူညီနိုင်ခဲ့ခြင်းဖြစ်သည်။

အစိုးရ ကိုယ်စားလှယ်များအဖြစ် NRPC ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဒုတိယဗိုလ်ချုပ်ကြီးမင်းနောင်နှင့် ဒုတိယဗိုလ်ချုပ်ကြီး တင်မောင်ဝင်း၊ ငြိမ်းချမ်းရေး ကော်မရှင် အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်ဦး (အငြိမ်းစား)၊ ငြိမ်းချမ်းရေးကော်မရှင် အကြံပေးအဖွဲ့ဝင်များ ဖြစ်ကြသည့် ဦးလှမောင်ရွှေ၊ ဦးမိုးဇော်ဦးနှင့် နိုင်ငံတော် အတိုင်ပင်ခံရုံး ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးတို့ တက်ရောက်ကြသည်။ အလားတူ ရက်ပြောင်းရွှေ့ ကျင်းပသွားမည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-၂၁ရာစု ပင်လုံ စတုတ္ထ အကြိမ်မြောက် အစည်းအဝေးကို ယခုလ လာမည့် ၁၉ ရက်နေ့မှ ၂၁ ရက်နေ့ထိ ၃ရက်ကြာကျင်းပသွားမည် ဖြစ်သည်။ http://kicnews.org/2020/08/%e1%80%bb%e1%80%95%e1%80%8a%e1%80%b9%e1%80%b1%e1%8

*************

## ၅။ လှိုင်ကော်တောင်သူတွေကို စွဲထားတဲ့အမှု ပြည်နယ်တရားရုံးက ပလပ်

August 14, 2020

ကယားပြည်နယ် လှိုင်ကော်မြို့အခြေစိုက် အမြောက်တပ်က တောင်သူတွေကို တရားစွဲထားတဲ့အမှုကို ပြည်နယ်တရားရုံးက ဒီကနေ့ ပလပ်လိုက်ကြောင်း အမိန့်ချလိုက်ပါတယ်။ လှိုင်ကော်မြို့က တောင်ယာမြေကိစ္စနဲ့ပတ်သက်ပြီး မြို့နယ်တရားရုံးက အမိန့်ချမှတ်ပြီးခဲ့တဲ့အမှုကို အမြောက်တပ် ၃၅၆ နဲ့ ခြေမြန်တပ်ရင်း ၂၅၀ တပ်ရင်းက ပြည်နယ်တရားလွှတ်တော်ရုံးကို ထပ်မံ ပြင်ဆင်ချက်တက်ခဲ့ရာမှာ မြို့နယ်တရားရုံးရဲ့ ချမှတ်ထားတဲ့အတိုင်း အတည်ဖြစ်ကြောင်းနဲ့ အမှုအားလုံးကို ပလပ် လိုက်ပါတယ်။

တပ်ကသိမ်းဆည်ထားတဲ့ မြေယာပေါ်မှာ ကျူးကျော်တာတွေ ခြံခတ်ဖို့ ကျောက်တိုင်တွေကို ဖျက်ဆီးတာတွေ ညစ်ညမ်း စွာဆဲဆိုတာတွေ ဝတ္တရားနှောင့်ယှက်တာတွေ လုပ်ခဲ့တယ်ဆိုပြီး အဲဒီတပ်ရင်း နှစ်ခုက တပ်မတော်အရာရှိတွေက ပိုင်နက် ကျူးလွန်မှုပုဒ်မ ၄၄၇၊ အကျိုးပျက်စီးစေမှု ပုဒ်မ ၄၇၂၊ နိုင်ငံတော်ပိုင်ပစ္စည်း ပျက်စီးစေမှု ပုဒ်မ ၆(၁)၊ ဝတ္တရားနှောင့်ယှက်မှု ပုဒ်မ ၃၅၃၊ ညစ်ညမ်းစွာဆဲဆိုမှု ပုဒ်မ ၂၄၉ စတဲ့ ပုဒ်မတွေနဲ့ ကရင်နီပြည် တောင်သူလယ်သမားသမဂ္ဂအဖွဲ့ဝင် သုံးဦး အပါအဝင် တောင်သူ (၂၁) ဦးကို တရားစွဲဆိုခဲ့ပါတယ်။ အဲဒီအမှုတွေထဲက အမြင့်ဆုံးထောင်ဒဏ် ၇ နှစ်ချမှတ်လို့ရတဲ့ နိုင်ငံတော်ပိုင်ပစ္စည်း ဖျက်စီးမှု ပုဒ်မ ၆(၁) အမှုအတွက် ထောင်ဒဏ် ခြောက်လ သို့မဟုတ် ဒဏ်ငွေ နှစ်သောင်း ချမှတ်ခဲ့ပြီး၊

ပုဒ်မ ၄၄၇ အတွက် ဒဏ်ငွေ နစ်သောင်း သို့မဟုတ် ထောင်ဒဏ် ၁၅ ရက်နဲ့ ကျန်ပုဒ်မ အမှုအတွက် ငွေဒဏ်ကျပ် နစ်သောင်း ပေးဆောင်ဖို့ ချမှတ်ခဲ့ပြီး တောင်သူတွေက ဒဏ်ငွေအသီးသီး ပေးဆောင်ခဲ့တာကြောင့် အမှု ပြီးမြောက် သွားပြီးဖြစ်ပါတယ်။

သိမ်းယူမြေထဲက ပိုနေတဲ့မြေပေါ်မှာ ဒေသခံတွေ နစ်စဉ် ထွန်ယက်စိုက်ပျိုးရာမှ ပြီးခဲ့တဲ့ ၂၀၁၉ ခုနှစ် မှာတော့ တောင်ယာမြေပေါ်မှာ တပ်ကဆက်ပြီး လုပ်ကိုင်ခွင့်မပေးနိုင်တော့ဘူးဆိုရာကနေ ဒေသခံ တောင်သူတွေနဲ့ မြေယာပြဿနာ တွေဖြစ်ခဲ့သလို တောင်သူအရေး လိုက်ပါဆောင်ရွက်သူတွေလည်း တရားစွဲဆိုမှုတွေ ခံခဲ့ရတာပဲဖြစ်ပါတယ်။ ပြည်နယ်အဆင့် တရားရုံးက ဒီအမှုကို ပလပ်လိုက်ပြီဖြစ်ပေမယ့်လည်း တရားလိုဘက်က ပြည်ထောင်စု တရားလွှတ်တော် အဆင့်မှာ ထပ်မံ တင်ပြခွင့်ရှိဦးမယ်လို့ တောင်သူတွေအတွက် ဒီအမှုကိုလိုက်ပါ ဆောင်ရွက်ပေးခဲ့တဲ့ တရားလွှတ်တော်ရှေ့နေ စောခူးတလေ က RFA ကို ပြောပါတယ်။ တပ်မတော်မှ သိမ်းဆည်းထားတဲ့ တပ်ပိုင်မြေမှာ တစ်ပြည်နယ်လုံး အတိုင်းအတာအရ ၁၄၇၇၆.၀၁ ဧက ရှိပြီး မူဝါဒနဲ့အညီ ပြန်လည်စွန့်လွှတ်လိုက်တဲ့ စွန့်လွှတ်မြေ ၄၁၁၁.၆၆ ဧက ရှိတယ်လို့ တပ်မတော် သတင်းမှန်ပြန်ကြားရေးအဖွဲ့ကနေ သိရပါတယ်။ https://www.rfa.org/burmese/news/loikaw-farmers-08142020061646.html

**************

၆။ **SNDP (ကျားဖြူ) ရွေးကောက်ပွဲဝင်ပြိုင်မည့် ကိုယ်စားလှယ်လောင်းများ စိစစ်ဆဲ**

August 14, 2020

သျှမ်းပြည်အတွင်း လာမည့် ၂၀၂၀ ရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် ပါတီအသီးသီးမှ လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်း တရားဝင် ကြေညာခဲ့သော်လည်း SNDP (ကျားဖြူ)ပါတီ မှာ ယနေ့ထိ မကြေညာနိုင်သေးကြောင်းသိရသည်။ သျှမ်းပြည်အတွင်း ဝင်ရောက်ယှဉ်ပြိုင်မည့် ပါတီကြီးများဖြစ်ကြသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ( NLD) ၊ ပြည်ထောင်စုကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေးပါတီ ( USDP) ပါတီ နှင့် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် ( SNLD) ပါတီ တို့က ကိုယ်စားလှယ်လောင်း နာမည် စာရင်းကို ယခုလ အစောပိုင်းက ကြေညာခဲ့သည်။

ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ် ပါတီ SNDP မှာမူ လက်ရှိအချိန်ထိ ကိုယ်စားလှယ်လောင်း အမည်စာရင်း မထွက်နိုင်သေးသည့် ကိစ္စနှင့် ပတ်သက်ပြီး "စိစစ်လို့မပြီးသေးဘူး။ တစ်ချို့ကလည်း ဒီနေ့မှ စိစစ်မယ်။ အကုန်လုံး စိစစ်လို့မပြီးသေးဘူး"ဟု SNDP ဥက္ကဋ္ဌ ဦးစိုင်းအိုက်ပေါင်း က သျှမ်းသံတော်ဆင့် ကိုပြောသည်။ SNDP ကျားဖြူပါတီမှ ရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်း (၁၀၀) ကျော်ရှိပြီး အမျိုးသား လွှတ်တော်မှာ ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်း (၁၀) ဦး ရှိကြောင်း ဦးစိုင်းအိုက်ပေါင်း ကပြောသည်။

ကျားဖြူပါတီမှ သျှမ်းပြည်တွင်းရှိ မြို့နယ် (၃၂) မြို့နယ်၊ ကချင်ပြည်နယ်တွင် မြို့နယ် (၄) မြို့နယ် နှင့် မန္တလေးတိုင်းဒေသကြီးမှာ (၁) မြို့နယ် စုစုပေါင်း မြို့နယ် (၃၇) မြို့နယ် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး တိုင်းရင်းသား ဝန်ကြီး ၂ နေရာ ဝင်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။ ကျားဖြူပါတီသည် သျှမ်းပြည်တွင်းရှိ တိုင်းရင်းသားပါတီ (၁၁)ပါတီ နှင့် မဟာမိတ်ဖြစ်ထားပြီး ပြည်နယ်လွှတ်တော်နေရာမှာ (၃၀) ကျော် အနိုင်ရလျှင် မဟာမိတ် နှင့် ပူးပေါင်းပြီး သျှမ်းပြည်အစိုးရ ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း ဦးစိုင်းအိုက်ပေါင်း ကပြောသည်။ ၂၀၁၅ ရွေးကောက်ပွဲတွင် SNDP အနေဖြင့် သျှမ်းပြည်တွင် လွှတ်တော် တနေရာတွင်သာ ရရှိခဲ့သည်။ https://burmese.shannews.org/archives/17955

***************

၇။ **ဘဲကရက်ရှိ စောဘဦးကြီးခမ်းမ၌ ပြုလုပ်သည့် ကရင်အာဇာနည်နေ့သို့ လူထုထောင်နှင့်ချီ တက်ရောက်ခဲ့**

August 13, 2020

ကရင်အမျိုးသား ခေါင်းဆောင်စောဘဦးကြီး၏ ဇာတိဖြစ်သော ဧရာဝတီတိုင်း၊ ကန်ကြီးထောင့်မြို့နယ်၊ ဘဲကရက်ကျေးရွာရှိ စောဘဦးကြီးခမ်းမတွင် ပြုလုပ်သည့် နှစ် ၇၀ပြည့် ကရင်အာဇာနည်နေ့ အောက်မေ့ဖွယ်သို့ လူထုပရိသတ် ထောင်နှင့်ချီ၍ ပါဝင်ခဲ့ကြပြီး အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့သည်။ ဦးဆောင်ပါဝင်လှုပ်ရှားသူတစ်ဦးက "အာဇာနည်နေ့ကိုတော့ ကျနော်တို့ အောင်အောင်မြင်မြင် ကျင်းပနိုင်ခဲ့တယ်။ သက်ဆိုင်ရာက မလုပ်ရဘူးဆိုပီး လာရောက်တားဆီးတာမျိုးမရှိပေမယ့် တာဝန်အရ သတင်းယူမေးမြန်းမှုတွေတော့ ရှိတယ်။"ဟု ကေအိုင်စီသို့ ပြောသည်။

ရန်ကုန်မြို့တွင် ကျင်းပသည့် နှစ် ၇၀ပြည့် ကရင်အာဇာနည်နေ့ ဦးဆောင်ကျင်းပသူအချို့ကို သက်ဆိုင်ရာ အာဏာပိုင် တာဝန်ရှိသူများက ဖမ်းဆီးထိန်းသိမ်းခဲ့ရသော်လည်း ဘဲကရက်ကရင်အာဇာနည်နေ့တွင်မူ အနှောက်အယှက်မရှိ ကျင်းပနိုင်ခဲ့ကြောင်း အာဇာနည်နေ့ ပန်းခွေချခြင်း လှုပ်ရှားမှု ကျင်းပရေး ပါဝင်လှုပ်ရှားသူများက ပြောဆိုသည်။ ယင်းသို့ ကျင်းပရာသို့ အဖွဲ့အစည်းအသီးသီး၊ မြို့နယ်အသီးသီးမှ တက်ရောက်လာသူများက ကိုဗစ်ကာလ သတ်မှတ်ချက်များနှင့်အညီ ခပ်ခွာခွာ စုဝေးရင်း ကျဆုံးသွားခဲ့ကြသည့် အာဇာနည်ခေါင်းဆောင်များအား လွမ်းသူပန်းခွေချ အလေးပြုခြင်းများသာ ပြုလုပ်ခဲ့ကြသည်။

ထို့အပြင် ဘဲဂရက် ကရင်အာဇာနည်နေ့ လှုပ်ရှားမှုသို့ ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးမှ နိုင်ငံခြားရေးဌာန တာဝန်ခံ ပဒိုစောတောနီး အပါအဝင် ကရင်နိုင်ငံရေးပါတီများမှ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ မြို့နယ်အ သီးသီးမှ ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီဝင်များအပြင် ဒေသခံ ပြည်သူများ ပါဝင်တက်ရောက်ခဲ့ကြသည်။ http://kicnews.org/2020/08/%e1%80%98%e1%80%b2%e1%80%80%e1%80%9b%e1%80%80%e1%8

***************

၈။ **တီးတိန်မြို့ခရိုင်ရရှိနိုင်ရေးမှာ သမ္မတ၏ အဆုံးအဖြတ်ပေါ်မူတည်နေဟု ဒုသမ္မတဆို**

August 13, 2020 ချင်းဝေါလ်

ဒုတိယ သမ္မတ ဦးဟင်နရီဗန်ထီးယူ၏ တီးတိန်မြို့ ခရီးစဉ်တွင် တီးတိန်မြို့ ခရိုင်ရရှိရေးမှာ သမ္မတ အဆုံးဖြတ်ပေါ်တွင် သာရှိကြောင်း မြို့မိမြို့ဖတွေ့ဆုံပွဲတွင် ပြောကြားကြောင်း တွေ့ဆုံပွဲ တက်ရောက်သော ဒေသခံ ဦးဒါလ်းမွမ်းက ပြောသည်။ တီးတိန်မြို့ဒေသခံ ဦးဒါလ်းမွမ်းက "ပလက်ဝနဲ့ တီးတိန်မြို့က ခရိုင်ကိစ စာရွက်စာတန်းတွေကို နေပြည်တော်ကို ပို့ပြီးပြီ သမ္မတရဲ့ ဆုံးဖြက်ချက်ပေါ် မူတည်တယ်လို့ သူပြောသွားတယ်" ဟုပြောသည်။

တီးတိန်မြို့ဒေသခံ ဦးဒါလ်းမွမ်းက "တီးတိန်မြို့ကုတင် (၁၀၀) ကိုလည်း ကျတော်တို့ဖက်က ကုတင်(၂၀၀) လုပ်ပေးဖို့ တောင်းဆိုတယ် ဒါပေမဲ့ ဖလမ်းနဲ့ ဟားခါးမှာ ကုတင်(၂၀၀) ရှိပြီးသားဆိုတော့ စဉ်းစားဖို့လိုတယ်။ ဆေးရုံရဲ့ လိုအပ်ချက်တွေ ကိုတော့ ထောက်ပံ့ပေးမယ်။ ကုတင် (၂၀၀) ပေးဖို့က ချင်းပြည်နယ် မြို့နယ်တိုင်း မရသေးတာလည်းများတော့ စဉ်းစားဖို့ လိုအပ်တယ်"ဟု ပြောသည်။

ပြည်ထောင်စု မြန်မာနိုင်ငံ၏ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ချင်းပြည်နယ်ရှိ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ကြည့်ရှုစစ်ဆေးရန် ဩဂုတ်လ (၁၂) ရက်နေ့တွင် ကလေးမြို့လေဆိပ်သို့ ရောက်ရှိပြီး တီးတိန်မြို့သို့ ဆက်လက် ထွက်ခွာခဲ့ပြီး ဩဂုတ် ၁၃ ရက်နေ့ မြို့မိမြို့ဖများနှင့် တွေ့ဆုံပွဲ ကျင်းပခဲ့ကြောင်း သိရသည်။ ချင်းပြည်နယ်ရှိ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ကြည့်ရှုစစ်ဆေးရန် ရောက်ရှိနေသည့် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ချင်းပြည်နယ် မြောက်ပိုင်း ၅ မြို့နယ်ကို လေးငါးရက်ကြာသွားမည်ဖြစ်ကြောင်းလည်း သိရသည်။ https://www.bnionline.net/mm/news-74852

## ၉။ ဖားကန့်ဒေသ ရေကြီးရေလျှံမှု လျှော့ချရန် ဥရုချောင်း ဆယ်ယူရေး ဆက်တိုက် လုပ်ဆောင်ရမည်ဟု ကချင်ပြည်နယ် အစိုးရ အဖွဲ့တာဝန်ရှိသူ ပြောကြား

August 14, 2020

ဖားကန့်ဒေသ ရေကြီးရေလျှံမှု လျှော့ချရန် ဥရုချောင်း ဆယ်ယူရေး ဆက်တိုက်လုပ်ဆောင်ရမည် ကချင်ပြည်နယ် အစိုးရအဖွဲ့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဦးဒါရှီလဆိုင်းက ပြောကြားသည်။၂၀၁၈-၁၉ ဘဏ္ဍာနှစ်တွင် CSR ရန်ပုံငွေ ကျပ်သိန်း ၂၀၀၀ ဖြင့် လည်းကောင်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ခန့်မှန်းကုန်ကျစရိတ် ကျပ်သိန်း ၂၁၈၀ ကုန်ကျခဲ့ပြီး လာမည့် ဘဏ္ဍာနှစ်များတွင် ဥရုချောင်း မြစ်ကြမ်းပြင် ဆယ်ယူရေး ထပ်မံလုပ်ဆောင်ရမည် ဖြစ်ကြောင်း ဝန်ကြီး ဦးဒါရှီလဆိုင်းက ဆိုသည်။

ဒုတိယအကြိမ် ကချင်ပြည်နယ်လွှတ်တော် ဆဋ္ဌမပုံမှန် လွှတ်တော်အစည်းအဝေး ဆဋ္ဌမနေ့တွင် ကချင်ပြည်နယ် လွှတ်တော် သစ်တော၊ သတ္တု၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး ကော်မတီ၏ အစီရင်ခံစာတွင် (က) ဖားကန့်ဒေသ၌ ကျောက်စိမ်းတူးသည့်စနစ်မှာ အပေါ်မြေလွှာအားလုံးကို ဖယ်ရှားသည့်နည်းဖြစ်သဖြင့် သစ်တောပြုန်းတီး ခြင်း၊ ရေတိုက်စားခြင်းဖြစ်ကာ ဂေဟစနစ်ကို လွန်စွာထိခိုက်သော စနစ်ဖြစ်ကြောင်း၊ (ခ)စွန့်ပစ်မြေစာများ ရေကြောင်းမှ တစ်ဆင့် သယ်ယူလာပြီး ဖားကန့်မြို့ပေါ်တွင် ပို့ခြင်းကြောင့် လူနေအိမ်များ ပျက်စီးဆုံးရှုံးနေကြောင်း၊ (ဂ) စွန့်ပစ်မြေစာများ ကြောင့် ဥရုမြစ်ကြမ်းပြင် မြင့်တက်လာပြီး ဖားကန့်မြို့ အပါအဝင် ဘေးဝဲယာများ ရေကြီးမှုဒဏ်ကို နှစ်စဉ် ခံစားနေရကြောင်း၊ (ဃ)ကျောက်မျက် တူးဖော်သည့် ကုမ္ပဏီများက ကျောက်မျက် တူးဖော်သည့် ဥပဒေ၊ နည်းဥပဒေများအတိုင်း လိုက်နာရန် ကြီးကြပ်သင့်ကြောင်း၊ (င) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေတွင် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုတွင် ပတ်ဝန်း ကျင်ကို ညစ်ညမ်းစေသူက အလျော်ပေးရန်၊ ထည့်ဝင်စေရန် သဘာဝသယံဇာတများ ထုတ်ယူသုံးစွဲသည့် လုပ်ငန်းများက အကျိုးအမြတ်၏ တစ်စိတ်တစ်ပိုင်းအား ထည့်ဝင်သုံးစွဲရန် စီမံခန့်ခွဲခြင်းဟု ပါရှိနေသော်လည်း ရာခိုင်နှုန်း တစ်ခုကို တိကျစွာ သတ်မှတ်သင့်ပါကြောင်း ဖော်ပြခဲ့သည်။

ဖားကန့်ဒေသတွင် ကျောက်စိမ်းတူးဖော်မှုမှာ ရှေးမြန်မာမင်းများ လက်ထက်ကတည်းက တူးဖော်လာခဲ့ပြီး ၁၉၉၄ ခုနှစ် အထိ လက်မှုလုပ်ငန်း အဖြစ်သာရှိကြောင်း၊ ၁၉၉၄ ခုနှစ်မှ ၂၀၀၂ ခုနှစ်ခန့်အထိ စက်ယန္တရား အငယ်စားများဖြင့် ဖက်စပ်ကုမ္ပဏီများက တူးဖော်လာခဲ့ကြောင်း၊ ယင်း ၂၀၀၂ ခုနှစ်နောက်ပိုင်းတွင် နိုင်ငံတော်နှင့် အကျိုးတူ ကုမ္ပဏီများ၊ ပုဂ္ဂလိက ကုမ္ပဏီများစွာ စက်အင်အား အလုံးအရင်းဖြင့် တူးဖော်ခဲ့ရာ ၂၀၀၇ ခုနှစ် နောက်ပိုင်းမှစ၍ အလွန်ကြီးမားသော စက်ယန္တရားကြီးများဖြင့် ၂၀၁၂ ခုနှစ် မေ ၃၀ ရက်အထိ တူးဖော်ခဲ့ရာတွင် တောင်အလုံး ၆၀ ခန့်နှင့် ယင်းတောင်ပတ်ဝန်း ကျင်ရှိ ချောင်းအမြောက်အမြား ပျောက်ကွယ်သွားကြောင်း၊ မော်ဒေသအများစုတွင် နာမည်ကျော် ကျောက်စိမ်းများ ထွက်ရှိ ရာနေရာများမှာ နောက်ထပ်တူးဖော်စရာ မရှိလောက်အောင် ပျက်ယွင်းပျောက်ကွယ် သွားကြောင်းဖြင့် အဆိုပါ ဖားကန့် ဒေသတွင် နှစ်ပေါင်းများစွာ နေထိုင်ခဲ့ကြသော ဘာသာရေး၊ လူမှုရေး၊ နိုင်ငံရေး ခေါင်းဆောင်များနှင့် ဒေသခံများကဆို သည်။ https://news-eleven.com/article/187259

**************

## ၁၀။ မဟာမိတ်ဖွဲ့ထားတဲ့ဒေသခံနှစ်ပါတီတွင် အမျိုးသမီးကိုယ်စားလှယ်လောင်းပါဝင်မှု ၃၂ ရာခိုင်းနှုန်းကျော်ရှိ

August 13, 2020 ကန္တရဝတီ

၂၀၂၀ ရွေးကောက်ပွဲမှာ ပါဝင်ယှဉ်ပြိုင်မယ့် အခြေစိုက်ပါတီ ကယားပြည်နယ်အခြေစိုက် နှစ်ပါတီဖြစ်တဲ့ ကယန်း အမျိုးသားပါတီ (KNP) နဲ့ ကယားပြည်နယ်ဒီမိုကရက်တစ်ပါတီ (KySDP) ပါတီ၊ နှစ်ပါတီပေါင်းမှာ အမျိုးသမီးကိုယ်စားလှယ် လောင်း ၃၂ ရာခိုင်နှုန်းကျော် ပါဝင်ပါတယ်။ နှစ်ပါတီပေါင်း ကိုယ်စားလှယ်လောင်း ၄၀ ဦးရှိတဲ့ အထဲမှာ အမျိုးသမီး ကိုယ်စားလှယ်လောင်း ၁၃ ဦးပါဝင်ပြီး ရာခိုင်နှုန်းနဲ့ဆိုရင် ၃၂ ရာခိုင်နှုန်းဖြစ်ပါတယ်။ ကယားပြည်နယ် ဒီမိုကရက်တစ်ပါတီ (KySDP) မှာ အမျိုးသမီးကိုယ်စားလှယ်လောင်း ၈ ဦးနဲ့ ကယန်း အမျိုးသားပါတီမှာ ၅ ဦးပါဝင်တာဖြစ်ပါတယ်။

"ကိုယ်စားလှယ်လောင်း(၁၈)ဦးထဲမှာ အမျိုးသမီးက ၅ ဦးပါ ပါတယ်။ ရှေ့နေအသင်းကတချို့ပါသလို တစ်ဖက်မှာကတော့ CsO, NGO မှာလုပ်ခဲ့တဲ့ လူငယ်အသင်းအဖွဲ့တွေကလူတွေပါတယ်။ ကျတော်တို့ကတော့ ဒီရွေးကောက်ပွဲမှာ အရည်အချင်းရှိတဲ့ ကိုယ်စားလှယ်လောင်းတွေနဲ့ အများဆုံးထည့်ထားပြီးမှ ကျား/မ မတူကွဲပြားမှုကို ပါနိုင်အောင်ထည့်ထားတယ်"လို့ ကယန်းအမျိုးသားပါတီ (KNP) ဥက္ကဌ ခွန်းဘီထူးက ပြောပါတယ်။ KNP ပါတီရဲ့ အမျိုးသမီးကိုယ်စားလှယ်လောင်းတွေကတော့ ကယန်းလူမျိုးအများစုနေထိုင်ကြတဲ့ တောင်ကြီးခရိုင် အမျိုးသားလွှတ်တော်အမှတ်(၄)မဲဆန္ဒနယ်၊ ဖယ်ခုံမြို့နယ် ပြည်နယ်လွှတ်တော်အမှတ်(၁)မဲဆန္ဒနယ်၊ မယ်စဲ့မြို့နယ် ပြည်နယ်လွှတ်တော်အမှတ်(၁)မဲဆန္ဒနယ်၊ ဒီမော့ဆိုမြို့နယ် အမျိုးသားလွှတ်တော် အမှတ်(၂)မဲဆန္ဒနယ်၊ သံတောင်ကြီးမြို့နယ် ပြည်နယ်လွှတ်တော်အမှတ်(၂)မဲဆန္ဒနယ် တွေမှာ ဝင်ရောက်ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။

ဒေသအခြေစိုက် တိုင်းရင်းသားပါတီဖြစ်တဲ့ ကယန်းအမျိုးသားပါတီ(KNP) ကယားပြည်နယ်ဒီမိုကရက်တစ်ပါတီ(KySDP)တို့က ပူးပေါင်းမဟာမိတ်ဖွဲ့ထားပြီး ကယားတစ်ပြည်နယ်လုံး မဲဆန္ဒနယ်မြေ (၃၄)နေရာကို ဝင်ရောက်ယှဉ်ပြိုင်မှာဖြစ်ပြီး KySDP က (၃၀)နေရာနဲ့ KNP က(၄)နေရာ ဝင်ရောက်ယှဉ်ပြိုင်သွားဖို့သဘောတူညီထားကြောင်း သိရပါတယ်။ https://www.bnionline.net/mm/news-74843

**************

၁၁။ **ကျောက်တော်မြို့နယ်မှာ ရွာသား ငါးဦး ဖမ်းဆီးခံရ**

August 14, 2020

ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် ကျောက်တစ်လုံးကျေးရွာက ကျေးရွာသား လေးဦးကို ဒီနေ့ မနက် ၁၁ နာရီခွဲ လောက်မှာ တပ်မတော်စစ်ကြောင်းတစ်ခုက ရွာထဲကိုဝင်လာပြီး ဖမ်းဆီးခေါ်ဆောင်သွားတာလို့ မိသားစုဝင်တွေက RFA ကိုပြောပါတယ်။ ဖမ်းဆီးခံရသူတွေဟာ အသက် ၄၀ ဝန်းကျင်တွေရှိ ကြတဲ့ ဦးသန်းအောင်ကျော်၊ ဦးလှလှမောင်၊ ဦးအောင်ခိုင်လှ၊ ဦးမောင်အေးကျော် တို့ဖြစ်တယ်လို့သိရပါတယ်။ ရခိုင်ပြည်နယ်မြောက်ပိုင်းမှာ အစိုးရ တပ်မတော်နဲ့ ရက္ခိုင့်တပ်တော် AA တို့ အကြား တိုက်ပွဲတွေ ဖြစ်ပွားနေပြီး AA အဖွဲ့ဝင်တွေ၊ ဒါမှမဟုတ် AA ထောက်ခံသူ အမာခံတွေလို့ သံသယရှိသူတွေကို တပ်မတော်နဲ့ လုံခြုံရေး တပ်ဖွဲ့တွေက မကြာခဏ ဖမ်းဆီးစစ်ဆေးတာတွေ ရှိနေပါတယ်။ ရွာထဲမှာ ရှိနေတုန်း ရွာတောင်ဘက်ကနေ တပ်မတော်စစ်ကြောင်းတစ်ခု ဝင်လာပြီး ဖမ်းဆီးခေါ် ဆောင်သွားတာလို့ ဦးအောင်ခိုင်လှရဲ့ အမျိုးသမီး သမီးဖြစ်သူ ဒေါ်မစံသာကပြောပါတယ်။

ကျောက်တော်မြို့နယ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးမောင်မောင်ကလည်း ကျောက်တစ်လုံးက ကျေးရွာသားလေးဦးနဲ့ အဲဒီ ကျောက်တစ်လုံးရွာအနီးမှာရှိတဲ့ စိမ်းညွှင်းပြားကျေးရွာက အသက် ၄၀ အရွယ် ကျေးရွာသားတစ်ဦးကိုလည်း တပ်မတော်က ဖမ်းဆီးခေါ်ဆောင်သွားတယ်လို့ အတည်ပြုပြောဆိုပါတယ်။ အဲဒီဖမ်းဆီးထားတဲ့ အရပ်သားလေးယောက် ကို အခုလက်ရှိ ရွှေတလှည်းကျေးရွာဘုန်းကြီးကျောင်းမှာ ထိန်းသိမ်းထားတယ်ဆိုတာကိုသိရတယ်လို့လည်း သူကဆိုပါတယ်။ မိသားစုတွေကတော့ တပ်ကဖမ်းဆီးသွားသူတွေအတွက် အသက်အန္တရာယ်ထိခိုက်မှာကို စိုးရိမ်နေတယ်လို့ မိသားစုဝင် တွေက ပြောပါတယ်။

ရခိုင်ပြည်နယ်မှာ တပ်မတော်နဲ့ AA တို့ကြား တိုက်ပွဲတွေ ဆက်လက်ပြင်းထန်နေဆဲဖြစ်သလို အရပ်သားတွေ ဖမ်းဆီးခံရတာ၊ ထိခိုက်ဒဏ်ရာရတာ၊ သေဆုံးတာတွေဟာလည်း နေ့စဉ်နဲ့အမျှ ရှိနေပါတယ်။ RFA ကရရှိထားတဲ့စာရင်းတွေအရ ရခိုင်ပြည်နယ်နဲ့ ချင်းပြည်နယ် ပလက်ဝမြို့နယ်တွေမှာ ပြီးခဲ့တဲ့ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလကနေ အခုနှစ် ဩဂုတ်လ ၇ ရက်နေ့အထိဖြစ်ပွားတဲ့ တပ်မတော်နဲ့ AA တို့ တိုက်ပွဲကာလအတွင်းမှာ သေဆုံးတဲ့အရပ်သား (၂၇၈) ဦးနဲ့ ထိခိုက် ဒဏ်ရာရတဲ့ အရပ်သား (၆၀၄ )ဦး အထိ ရှိနေပြီဖြစ်ပါတယ်။ https://www.rfa.org/burmese/news/five-villagers-were-arrested-in-kyauktaw-08142020083858.htmlhttps://www.rfa.org/burmese/news/five-villagers-were-arrested-in-

**************

၁၂။ **မြဝတီခရိုင်အတွင်း မဲပေးခွင့်ရှိသူ လူဦးရေ ၁၁၅,၈၈၃ ဦးရှိပြီး ထပ်မံပြင်ဆင်ဖြည့်စွက်သူ ၁၀,၀၀၀ ခန့်ရှိ**

August 13, 2020

လာမယ့် နိုဝင်ဘာ ၈ ရက်နေ့တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲတွင် ကရင်ပြည်နယ် မြဝတီခရိုင်အတွင်း ဩဂုတ် ၁၂ ရက်နေ့ နောက်ဆုံးစာရင်းအရ မဲပေးခွင့်ရှိသူ လူဦးရေ ၁၁၅,၈၈၃ ဦးရှိပြီး ပြင်ဆင်ဖြည့်စွက်သူ လူဦး ရေ ၁၀,၀၀၀ ခန့်ရှိကြောင်း မြဝတီမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ သိရသည်။

မြဝတီမြို့နယ် ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာဦးမြင့်အောင်ကျော်က "မြဝတီခရိုင်အတွင်းရှိ မဲဆန္ဒရှင်စာရင်းများကို ရပ်/ကျေး ကော်မရှင် အဖွဲ့ခွဲရုံးများမှာ အသီးသီးကြေညာထားပြီး ဩဂုတ်လ ၁၂ ရက်နေ့ထိ နောက်ဆုံးစာရင်းအရ မဲပေးနိုင်သူ ၁၁၅,၈၈၃ ဦးရှိသည့်အထဲမှာ ပုံစံ ၃၊ ပုံစံ ၄ ၊ ပုံစံ ၄(ဂ)တို့ဖြင့် ပြင်ဆင်ဖြည့်စွက်သူ ၁၀,၀၀၀ ခန့်ရှိနေပါတယ်။ "ဟု ပြောသည်။ ထို့အပြင် မြဝတီခရိုင်တွင် မူလက မဲရုံ ၇၈ ရုံ သတ်မှတ်ထားသော်လည်း ပြင်ပသို့ ထုတ်မည့် တပ်မဲရုံများနှင့် အခြားမဲရုံ ၅ ရုံခန့် ထပ်မံတိုးလာ ဖွယ်ရှိကြောင်းလည်း ဒေါက်တာဦးမြင့်အောင်ကျော် ဖြည့်စွက်ပြောသည်။

ယခင် ၂၀၁၀ နှင့် ၂၀၁၅ ရွေးကောက်ပွဲများတွင် မြဝတီခရိုင်မှာ လွှတ်တော်သုံးရပ်အတွက် မဲဆန္ဒနယ် (၄)နေရာသာ ရှိသော်လည်း ယခု ၂၀၂၀ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည့် အထွေထွေရွေး ကောက်ပွဲ၌ ပြည် သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော် မဲဆန္ဒနယ် (၁၁) ၊ အမျိုးသားလွှတ်တော် မဲဆန္ဒနယ် (၁၂) ၊ ပြည်နယ် လွှတ်တော် မြဝတီမြို့ မဲဆန္ဒနယ်(၁) နှင့် ပြည်နယ်လွှတ်တော် မြဝတီမြို့ မဲဆန္ဒနယ် (၂) ဟူ၍ မဲဆန္ဒနယ် ၅ နေရာ သတ်မှတ်ပေးထားပြီး အမျိုးသားလွှတ်တော် မဲဆန္ဒနယ် တစ်နေရာစာ ထပ်မံတိုးထားကြောင်း သိရသည်။ http://kicnews.org/2020/08/%e1%80%bb%e1%80%99%e1%80%9d%e1%80%90%e1%80%ae%e1%

**************

၁၃။ **မြောက်ပိုင်းအဖွဲ့များ ငြိမ်းချမ်းရေးညီလာခံ တက်ရန် ငြင်းဆန်မှု အစိုးရ၏ ကလေးဆန်မှုကြောင့် ရက်စရာ အလွန်ကောင်းဟုဆို**

August 15, 2020 By ရန်ကုန်ခေတ်သစ်

ယခု ဩဂုတ်လအတွင်း ကျင်းပရန်ရှိနေသော ၂၁ ရာစု ပင်လုံ ငြိမ်းချမ်းရေး ညီလာခံကို မြောက်ပိုင်းမဟာမိတ်အဖွဲ့ ၇ ဖွဲ့ FPNCC က တက်ရောက်နိုင်မည်မဟုတ်ကြောင်း အစိုးရ၏ ဖိတ်ကြားမှုကို ငြင်းဆန်လိုက်သည်။ AA ကို မဖိတ်ကြားမှုမှ စတင်ခဲ့သော တင်းမာမှုသည် မြောက်ပိုင်းမဟာမိတ်အဖွဲ့ အားလုံးက ငြင်းပယ်ခံရပြီးနောက် ငြိမ်းချမ်းရေးဖြစ်စဉ်သည် အစိုးရ၏ ကလေးဆန်မှုကြောင့် ရက်စရာကောင်းသော ရလဒ်ထွက်ပေါ်လာသည်ဟု နိုင်ငံရေးလေ့လာသုံးသပ်သူတချို့က ရန်ကုန်ခေတ်သစ်သတင်းဌာနသို့ ပြောဆိုသည်။ ရခိုင်တပ်တော်က အကြမ်းဖက်အဖွဲ့ပါပဲ ဆိုပြီး သူတို့အနေနဲ့ ဒါကိုပယ်ချလိုက်တယ်။ အခု အကုန်လုံးပါသွားပြီ အဲတော့ ဘယ်လိုသွားပြီး ပင်လုံလုပ်တော့မှာလဲ။ ဇာတ်စင်ပေါ်တက်ပြီးတော့ ကိုယ်တစ်ယောက်တည်းပဲ ကတော့မှာလား။ အဲတော့လေးနက်မှုကို အလေးထားရမယ်လေ။ ဒီလိုလက်ခံခြင်း လက်မခံခြင်းဟာ ဘယ်လောက်ထိ ရိုက်ခတ်မှုရှိလည်းဆိုတာ သူတို့သေချာစဉ်းစားရမယ်။ သာဓကတွေက အများကြီးပါ။

ဒီမိုကရေစီအစိုးရကိုက ဝေဝါးဖြစ်နေတာ တကယ်ကို အစိုးရသက်တမ်း ကုန်ခံနီးလေးမှာ နောက်ဆုံး ၂၁ ရာစုပင်လုံ ငြိမ်းချမ်းရေးအစည်းအဝေး လုပ်ပါမယ်လို့ ဖိတ်တဲ့နေရာမှာ အခု very sorry ဖြစ်ကုန်ပြီလေ။ အဲ့တာတွေက ရက်စရာလည်း အင်မတန်ကောင်းတယ်။ ပြည်တွင်းကပဲ ဖြစ်ဖြစ်ပြည်ပကပဲ ဖြစ်ဖြစ်ကောင်းသော အကြံဉာဏ်ကို စေတနာနဲ့ပေးသော် များလည်း လက်ခံချင်မှ လက်ခံတာ ဒါသူတို့အပိုင်းလေ အခုဟာက ရလဒ်ကိုမြင်ရပြီလေ။ ဆိုတော့ ဒါဘာလုပ်မလဲ အခု အကုန်လာပါဆိုတော့လည်း တစ်မျိုးပေါ့။ ဒါပေမယ့် မျက်နှာပျက်ရပြီလေ။ အဲ့တာကို သူတို့လုပ်မလား။ ဒီလိုဟာမျိုးကို သတ္တိရှိရှိနဲ့ ခင်းကျင်း ကျင်းပမယ်ဆိုရင် ဘယ်လောက်ထိ လေးနက်ဖို့ရှိတယ်ပေါ့လေ။

အခြေအနေကတော့ ဒီမြောက်ပိုင်းအဖွဲ့တွေ တက်သည်ဖြစ်စေ မတက်သည်ဖြစ်စေ ဖိတ်သည်ဖြစ်စေ မဖိတ်သည်ဖြစ်စေ သူတို့ကတော့ NCA ထိုးထားတဲ့ အဖွဲ့တွေနဲ့ပဲ နိုင်ငံရေး သဘောတူညီချက်ယူမှာဖြစ်တာကို သူတို့ပြည်ထောင်စု သဘောတူညီချက် အစိတ်အပိုင်း ၃ ဆိုတာလည်း NCA ထိုးထားတဲ့ အဖွဲ့တွေနဲ့ပဲ သဘောတူညီချက်ရယူတာဖြစ်တာကို အဲတော့ ၂၁ ပင်လုံ စတုတ္ထအကြိမ် သပ်သပ်ပြောရရင် သူတို့မြောက်ပိုင်းအဖွဲ့တွေ တက်တာဖြစ်စေမတက်တာဖြစ်စေ အကြောင်းမထူးဘူး။ တက်လည်း သူတို့က ပွဲတက်ပဲဖြစ်တာကို ဝင်ရောက်ဆွေးနွေးခွင့်ရှိတဲ့ သူတွေမဟုတ်ဘူး။ ဒါကတစ်ပိုင်းပေါ့ လာတက်လည်း နိုင်ငံရေးအရ ဆွေးနွေးခွင့်မရှိပါဘူး။

ဒီသဘောတူညီ ဆုံးဖြတ်ချက်တွေမှာ သူတို့သဘောထား ပေးခွင့်လည်းမရှိဘူး။ သူတို့သဘောတူတာလည်းမဟုတ်ဘူး။ မတူတာလည်းမဟုတ်ဘူး။ ဒုတိယပိုင်းကတော့ သူတို့မတက်တဲ့အတွက် မြောက်ပိုင်းအဖွဲ့တွေနဲ့ Bilateral ရေးထိုးရေးတို့ မြောက်ပိုင်းအဖွဲ့တွေနဲ့ NCA ရေးထိုးရေးတို့ဆိုတဲ့ လမ်းစကတော့ နည်းနည်း ပိုဝေးသွားမယ်လို့ထင်ပါတယ်။ အဲတော့ မြောက်ပိုင်းအဖွဲ့တွေ ကြေညာချက်ထဲမှာ ပါထားတာ AA ကို သီးသန့်ဖယ်ခွဲမထုတ်ဖို့ အဓိကပါထားတာရှိပါတယ်။ အဲတော့ AAကို ခွဲထုတ်လိုက်တဲ့အခါကျတော့ ဒီမြောက်ပိုင်း ၇ ဖွဲ့လုံးမှာ Bilateral ထိုးဖို့ ၄ ဖွဲ့ကျန်တာကို KIA အပါဆိုရင် အဲဒီ ၄ ဖွဲ့က AA အပါ သူတို့ ၄ ဖွဲ့ တစ်ခါတည်း Bilateral ထိုးရေး ညှိမယ်ဆိုရင် AA ကိုဘေးဖယ်ထုတ်လိုက်တဲ့အတွက်ကြောင့် Bilateral ထိုးရေးက ဘေးရောက်သွားတာပေ့ါ။ ဝေးသွားတာပေ့ါ။ အဲဒီ ၄ ဖွဲ့ Bilateral ထိုးပြီးမှသာလျှင် ဝ ၊ မိုင်းလား၊ SSA Bilateral ထိုးထားတဲ့အဖွဲ့တွေနဲ့ စုပြီးတော့ နိုင်ငံရေးပြဿနာ ဆွေးနွေးမှုပေ့ါ။ NCA ထိုးသည်ဖြစ်စေ NCAလမ်းကြောင်းကို ရောက်ဖို့ မရောက်ဖို့တို့ ကိစ္စကို ဆက်ရမှာပေ့ါ။ လောလောဆယ်မှာ Bilateral ထိုးဖို့ကိစ္စတောင် ဝေးနေပြီဆိုရင်တော့ နိုင်ငံရေးကိစ္စ ဆွေးနွေးဖို့က ပိုဝေးသွားမှာပေ့ါ။

အခု NCA လက်မှတ်ထိုးထားတဲ့အဖွဲ့တွေက အခု ၂၁ ရာစု ပင်လုံစတုတ္ထအကြိမ်မြောက်မှာ ချထားတဲ့ဆုံးဖြတ်ချက်တွေနဲ့ ချိတ်ပြီးတော့ ကောင်းမွန်တဲ့အလားအလာတွေရှိတယ်လို့ သူတို့က ယုံကြည်နေတယ်။ ဒါပေမယ့် အခုမြောက်ပိုင်းက ညီနောင် ၃ ဖွဲ့ကတော့ သူတို့နဲ့တော့ ယုံကြည်မှုရအောင် အချိန် အတော်ကြာဖြတ်သန်းရဦးမှာ ဖြစ်တယ်လို့မြင်ပါတယ်။ ဒါကြောင့်မို့ အစွန့်ရှည်တည်တံ့တဲ့ ငြိမ်းချမ်းရေးတစ်ရပ် တည်ဆောက်နိုင်ဖို့ကတော့ အလှမ်းကွာသေးတယ်လို့ ကျွန်တော်က ယူဆပါတယ်။ ဒါပေမယ့် ရှေ့ဆက်ပြီး လုပ်မယ့် လုပ်ငန်းစဉ်ထဲမှာ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ဆိုင်ရာအခြေခံမူတွေ ချမှတ်နိုင်ပြီဆိုရင်တော့ ကျွန်တော်တို့ NCA လက်မှတ်ထိုးတဲ့ အင်အားစုတွေလည်း တိုးလာနိုင်မယ်လို့ထင်ပါတယ်။ ဒါပေမယ့် အချိန်ယူရအုန်းမယ့် အနေအထားဖြစ်တယ်လို့ ပြောချင်တာပါ။

အခု ၂၁ ပင်လုံ စတုတ္ထအကြိမ် လုပ်တာပေ့ါ။ လုပ်တဲ့အခါကျတော့ အစိုးရဖက်ကတော့ သူကအောင်မြင်ချင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ရွေးကောက်ပွဲလည်း နီးပြီဆိုတော့ သူ့ရဲ့အောင်မြင်မှုအဖြစ်ပြချင်တယ်ပေ့ါ။ နောက်တစ်ခါကျတော့လည်း အစိုးရတက်လာစဉ်တည်းက ငြိမ်းချမ်းရေးကို သူတို့က အဓိက ဦးစားပေးလုပ်မယ်လို့ ပြောထားတာလည်း ရှိတာပေ့ါ။ အဲတော့ ကျွန်တော်ထင်ပါတယ်။ အစိုးရက အောင်မြင်ချင်ပါတယ်။ https://www.khitthitnews.com/2020/08/%e1%80%99%e1%80%bc%e1%80%b1%e1%80%ac%e1%80%

**************

## ၁၄။ တပ်မတော်က ဖမ်းဆီးသွားသည့် အလယ်ချောင်းရွာသားများ နှိပ်စက်ခံရဟု မိသားစုပြော

15 August 2020 By DVB

ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၊ အလယ်ချောင်းကျေးရွာမှာ ဇူလိုင် ၁၁ ရက်နေ့က တပ်မတော်စစ်ကြောင်းက သံသယနဲ့ လူ ၆ ဦးကို ဖမ်းဆီးခေါ်ဆောင်သွားခဲ့ပြီးနောက် စစ်ဆေးထိန်းသိမ်းထားစဉ်မှာ ညှဉ်းပန်းနှိပ်စက်တာတွေရှိခဲ့တယ်လို့ မိသားစုဝင်တွေက ပြောပါတယ်။ ဖမ်းဆီးထားသူတွေကို ကျောက်ဖြူမြို့မရဲစခန်းကို တပ်လွှဲပြောင်းပေးခဲ့ပြီးနောက် အေအေနဲ့ ဆက်စပ်တယ်လို့ဆိုကာ အကြမ်းဖက်တိုက်ဖျက်ရေးဥပဒေနဲ့ အမှုဖွင့်လှစ်ခဲ့ပြီး ဩဂုတ် ၁၄ ရက်က ကျောက်ဖြူခရိုင်တရားရုံးမှာ ဒုတိယအကြိမ် ရမန်ရယူဖို့ ရုံးထုတ်စဉ်မှာ မိသားစုဝင်တွေကို အခုလို ပြောဆိုခဲ့တာဖြစ်ပါတယ်။

ဖမ်းဆီးခံထားရသူ တစ်ဦးရဲ့ ဇနီးဖြစ်သူ ဒေါ်ပုမချောက "ကျမတို့ ဒီနေ့မှာ တွေ့ခဲ့ရတယ်၊ သူတို့က အရမ်းပိန်သွားကြတယ်။ သူတို့ ရိုက်နှက်ခံရတယ်။ သူတို့ မြေအောက်လိုဏ်ခေါင်းထဲမှာ နေခဲ့ရတယ်။ ခြေထောက်ကို ထိတ်တုံးခတ်ထားတယ်။ လက်ကို နောက်ပြန်ချည်ထားတယ်၊ ထမင်း ၅ ရက် မစားရဘူး၊ ရေလည်း မသောက်ရဘူး၊ ၆ ရက်မြောက်တဲ့နေ့မှ ထမင်း တနပ်ကျွေးတယ်လို့ ပြောတယ်။ သူတို့တွေထဲမှာ တချို့ကတော့ ရိုက်နှက်ခံရတဲ့ ဒဏ်ရာတွေ အခုအချိန်အထိ ရှိနေသေးတယ်။ သံကြိုးနဲ့ချည်ပြီးတော့ ဆွဲတာတွေ၊ မီးတိုက်တာတွေ ရှိတယ်လို့ ပြောတယ်။ အခု အဖမ်းခံရတဲ့သူတွေဟာ ရွာမှာ ရိုးရိုးသားသား လုပ်ကိုင်စားသောက်နေကြတဲ့သူတွေပါ သူတို့ကို ဖမ်းသွားတုန်းက ဝယ်ယူစားသောက်လို့ရအောင် ပိုက်ဆံပေးလိုက်တာကိုလည်း အေအေအဖွဲ့အတွက်ပိုက်ဆံကောက်တယ် ဆိုပြီးတော့လည်း သူတို့က စွပ်စွဲတယ်ဆိုပြီး ပြောတယ်။ အခုလည်း သူတို့က ကျမအမျိုးသား အပါအဝင်ရွာကသူတွေကို အေအေနဲ့ ဆက်စပ်တယ်ဆိုပြီးတော့ အကြမ်းဖက်နဲ့ တရားစွဲဆိုထားကြတယ်"လို့ ပြောပါတယ်။

အလယ်ချောင်းကျေးရွာမှ ဖမ်းဆီးခံရသူရဲ့ မိသားစုဝင် မယဉ်ယဉ်သန်းက "ကျမတို့က ဒီနေ့တွေ့တဲ့အခါ မေးတော့ နှိပ်စက်ခံရတယ်၊ ထမင်းလည်း ၅ ရက်တိတိ မစားရဘူး၊ ခြေထောက်ကိုလည်း ထိတ်တုံးခတ် ထားတယ်။ လက်ကိုလည်း နောက်ပြန်ချည်ထားတယ်၊ အကျီထဲကို ပုံးတွေထည့်ပြီးတော့ ခြိမ်းခြောက်တယ်၊ နားထင်ကိုလည်း သေနတ်နဲ့ထောက်ပြီးတော့ ခြိမ်းခြောက်တယ်လို့ ပြောတယ်။ လက်တွေမှာဆိုရင်လည်း ဒဏ်ရာတွေက အများကြီး၊ သူတို့တွေရဲ့ပုံစံတွေကို ကြည့်လိုက်တော့လည်း ကြည့်မကောင်းဘူး ဖြစ်သွားတယ်၊ အိမ်ကဖမ်းသွားတုန်းက ပုံစံတွေနဲ့တခြားစီပေါ့၊ တော်တော်ကြီးကို ပိန်သွားကြတယ်၊ သူတို့က အစားရေစာ မကျွေးဘူး၊ လက်ကိုလည်း ကြိုးနဲ့ချည်ပြီးတော့ ရိုက်နှက်ကြတယ်လို့ ပြောတယ်"လို့ ပြောပါတယ်။

တပ်မတော် သတင်းမှန်ပြန်ကြားရေးအဖွဲ့ကတော့ ကိုစိုးမြင့်ထွန်း သေဆုံးတာဟာ ကိုယ့်ကိုယ်ကိုယ် ဆွဲကြိုးချသေဆုံးခဲ့တာဖြစ်တယ်လို့ ထုတ်ပြန်ခဲ့ပေမယ့်  မိသားစုဝင်တွေကတော့ သေဆုံးသူရဲ့အလောင်းမှာ ဒဏ်ရာတွေ တွေ့ရတယ်လို့ ပြောပါတယ်။ http://burmese.dvb.no/archives/404829

**************

## ၁၅။ လုံးစွတ် စစ်ရှောင်စခန်းတွင် သောက်သုံးရေ အခက်အခဲဖြစ်နေ

August 13, 2020 KNG

ပူတာအိုမြို့ လုံးစွတ်ရပ်ကွက် စစ်ရှောင်ပြည်သူများသည် မိုးရာသီ သောက်သုံးရေ အခက်အခဲကြုံတွေ့နေရသောကြောင့် ကူညီထောက်ပံ့ပေးစေလိုသည်ဟု စခန်းတာဝန်ခံများမှ သိရသည်။ စစ်ရှောင်စခန်းတွင် အစိုးရက ချပေးသည့် ရေမရရှိသည့်အပြင် ဆောက်လုပ်ပေးထားသည့် ရေတွင်း ၂တွင်းသည်လည်း မိုးရာသီတွင် သုံးစွဲရန်အဆင်မပြေဖြစ်နေ သည်ဟု ဆိုသည်။ "စခန်းမှာ ရေတွင်း ၂တွင်းရှိတယ်။ ၁ တွင်းက မိုးကျရင် ရေပြည်လျှံပြီးမသန့်တဲ့အတွက် သောက်သုံးလို့မရဘူး။ နောက် ၁တွင်းကတော့ သောက်လို့ရတယ်။ ဒါပေမယ့် ဘာဖြစ်သလဲဆိုတော့ အဝီစိတွင်းဖြစ်တယ်။ အဲ့ကြောင့် စက်နဲ့စုပ်ပြီး သုံးရတယ်။ ဘာအခက်အခဲ ဖြစ်လဲ ဆိုတော့ စစ်ရှောင်တွေမှာက ဝင်ငွေမရှိဘူး။ ရေစုပ်တဲ့အခါ ဆီဖိုးက မတတ်နိုင်ဘူး။ တစ်လမှာ တစ်သိန်းကျော် လောက်ကုန်တယ်။ ပိုဆိုးတာက ကိုဗစ်ရောဂါကြောင့် ကူညီရေးအဖွဲ့တွေက မလာတော့ ပိုဆိုးသွားတာပေါ့။ အရင်တုန်းကတော့ ကူညီရေးအဖွဲ့တွေဆီကနေ တတ်နိုင်သလောက် စုပြီးဖဲ့သုံးနေရတာပေါ့" ဟု စစ်ရှောင်တာဝန်ခံ ဦး ဖုန်ထိန်က ပြောသည်။

၎င်းစစ်ရှောင်စခန်းတွင် အိမ်ထောင်စု ၆၆ ခုနှင့် လူဦးရေ ၃၀၀ ကျော်တိမ်းရှောင်နေပြီး ကချင်နှစ်ခြင်းခရစ်ယာန် အဖွဲ့ချုပ် (KBC) မှ စခန်းအထွေအထွေအသုံးစားရိတ်အဖြစ် တစ်လတွင် တစ်သိန်းသုံးသောင်းကျပ် ထောက်ပံ့မှုမှာ မီးစက် ဆီဖိုးပင် မကာမိကြောင်း သူကဆက်လက်ပြောဆိုသည်။ ထို့အပြင် Covid-19 ကူးစက်ရောဂါကြောင့် ကူညီထောက်ပံ့ သည့်အဖွဲ့အစည်းများလည်း နည်းပါးနေသဖြင့် စစ်ရှောင်ပြည်သူများသည် စားဝတ်နေရေးခက်ခဲနေကြောင်း ပြောသည်။

ပူတာအိုခရိုင်တွင် တပ်မတော်နှင့် ကချင်လွတ်လပ်ရေးတပ်မတော် KIA တို့ကြား ၂၀၁၂ နှင့် ၂၀၁၅ ခုနှစ်အတွင်းတိုက်ပွဲများကြောင့် အင်ခါးဂါး၊ အင်ဖီဂါ၊ ဖကန်းနှင့် နှင်းတန်ဝေါင်း စသည့် ကျေးရွာများမှ ဒေသခံများထွက်ပြေးလာပြီးနောက် လုံးစွတ်စစ်ရှောင်စခန်း ဖြစ်ပေါ်လာခဲ့သည်။ ယခုနောက်ဆုံးအချိန် အဆိုပါစစ်ရှောင်များသည် မိမိတို့ဒေသတွင် နေရပ်ပြန်ရန် အဆင်မပြေတော့သဖြင့် အခြားနေရာတွင် ပြန်လည်နေရာချထားပေးရန် တောင်းဆိုသည့်အညီ သက်ဆိုင်ရာကလည်း ဆောင်ရွက်နေပြီဟု သိရပါသည်။ https://burmese.kachinnews.com/2020/08/13/%e1%80%9c%e1%80%af%e1%80%b6%e1%80%b8%e1

*************

၁၆။ **ကျေးရွာချင်းဆက်လမ်းဖောက်ရာတွင် စွန့်ပစ်မြေစာပုံကြောင့် ပန်းသီးခြံ (၂၃) ဧက ပျက်စီး**

August 13, 2020 ခိုနူမ်းသုန်

ချင်းပြည်နယ်၊ တီးတိန်မြို့နယ် ဆိုဇန်-ဖူနွမ်းလမ်းပိုင်းမှ ဒိမ်ပီးကျေးရွာအကြား ကျေးရွာချင်းဆက် လမ်းဖောက်လုပ်ရာတွင် မြေစာပုံများကို စနစ်တကျစွန့်ပစ်မှုမရှိသည့်အတွက် ဒေသခံပြည်သူများ၏ ပန်းသီးခြံ (၂၃) ဧက ပျက်စီးသွားသည်ဟု သိရသည်။ အဆိုပါကျေးရွာချင်းဆက်လမ်းကို ချင်းပြည်နယ် ကျေးလက်လမ်းဦးစီးဌာနဘတ်ဂျက်ဖြင့် John and Joshua ကုမ္ပဏီမှ ယခုနှစ်ဖေဖော်ဝါရီလ ၂၅ ရက်နေ့ကစတင်ဖောက်လုပ်ခဲ့ခြင်းဖြစ်ပြီး လမ်းဖောက်လုပ်ရာတွင် စွန့်ပစ်မြေစာပုံများကြောင့် ဖူနွမ်းကျေးရွာမှ တောင်သူ (၁၉) ဦးပိုင်ဆိုင်သော ပန်းသီးစိုက်ဧက (၂၃) ပျက်စီးသွားခဲ့ခြင်းဖြစ်သည်ဟု ဖူနွမ်းကျေးရွာမှ ပန်းသီးစိုက်တောင်သူ မစီစီလျားကပြောသည်။

ယင်းပန်းသီးခြံများကို ဖူနွမ်းကျေးရွာသူရွာသားများက ၁၉၉၀ ခုနှစ်ကတည်းက စတင်စိုက်ပျိုးလာခဲ့ကြပြီး တစ်ဧကလျှင် နှစ်စဉ် ကျပ်သိန်း (၅၀ မှ ၂၀၀) အထိရရှိကြကာ ဒေသတွင်းအသက်မွေးဝမ်းကျောင်းအတွက် အဓိကမှီခိုအားထားနေကြရသည်။ "ကျွန်မတို့ဖက်ကတော့ အသက်မွေးဝမ်းကျောင်းအဖြစ် အားနေရတယ်ဆိုတော့ ဘာမှစားစရာတောင်မကျန်တော့ဘူး၊ ခုတော့ပန်းသီးခြံတွေပျက်ကုန်တော့ ရွာသူရွာသားတွေကလည်း အလုပ်လက်မဲ့ဖြစ်ပြီး ဘေးဝင်ငွေလည်းမရှိတော့ဘူး ဝမ်းစာအတွက် တကယ်ကိုဒုက္ခရောက်နေကြပြီ" ဟု မစီစီလျားကပြောသည်။

ပြီးခဲ့သည့် ဇူလိုင်လအတွင်းကလည်း မိုးရွာသွန်းမှုကြောင့် မြေပြိုကာ ပန်းသီးစိုက်ခင်းပျက်စီးသည့်အပြင် မြေပြိုသည့် မြေစာများ ရှင်းရာတွင်လည်း ပန်းသီးစိုက်ခင်းများအပေါ် စွန့်ပစ်ကြသည့်အတွက် ထပ်မံပျက်စီးကာ ပန်းသီးစိုက်ခင်းအား မှီခိုအားထားနေသည့် တောင်သူများ အငတ်ဘေးဆိုက်မည့်အခြေအနေဖြစ်နေသည်ဟု သိရသည်။ ယခုကဲ့သို့ ပန်းသီးစိုက်ခင်းများ ပျက်စီးမှုအပေါ် ချင်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ကူညီဖြေရှင်းဆောင်ရွက်ပေးရန် ပန်းသီးစိုက်တောင်သူများက လိုလားနေကြသည်။ https://www.bnionline.net/mm/news-74851

*************

၁၇။ **တပ်ချုပ်နဲ့ နိုင်ငံရေးပါတီ ၃၀ ကျော် တွေ့ဆုံ**

August, 15 2020

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နဲ့ ပြည်ခိုင်ဖြိုးပါတီ အပါအဝင် နိုင်ငံရေးပါတီ ၃၄ ခု က ခေါင်းဆောင်တွေ နေပြည်တော်မှာ တွေ့ဆုံပြီး ရွေးကောက်ပွဲ လုပ်ငန်းစဉ်မှာ လက်ရှိကြုံနေရတဲ့ ပြဿနာတွေကို ဆွေးနွေးခဲ့တယ်လို့ တွေ့ဆုံမှုမှာ ပါဝင်သူတွေက ပြောပါတယ်။ အထူးသဖြင့် ရွေးကောက်ပွဲ ကော်မရှင်ရဲ့ ဆောင်ရွက်ချက်တွေမှာ မမျှတတဲ့ လုပ်ရပ်တွေ ရှိနေတယ်လို့ ယူဆတဲ့ ကိစ္စတွေကိုလည်း ကာကွယ်ရေးဦးစီးချုပ်ကို တင်ပြခဲ့ကြောင်း လူထုပါတီ ဥက္ကဋ္ဌ ဦးပါစီပြည်ဟိန်းကပြောပါတယ်။

တပ်မတော်အကြီးအကဲနဲ့ တွေ့ဆုံဖို့ နိုင်ငံရေးပါတီတွေက တင်ပြခဲ့ပြီးနောက် တွေ့ဆုံဖြစ်ခဲ့တာလို့လည်း တက်ရောက်သူ တချို့က ပြောပါတယ်။ တွေ့ဆုံမှုမှာတော့ အာဏာရ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီအပြင် အဓိက တိုင်းရင်းသား နိုင်ငံရေးပါတီတွေ၊ တချိန်က တက်ကြွလှုပ်ရှားသူတွေ ဦးဆောင်တဲ့ နိုင်ငံရေးပါတီတွေ ပါဝင်တာတော့ မတွေ့ ရပါဘူး။ NLD ပြန်ကြားရေးတာဝန်ခံ မုံရွာအောင်ရှင်ကတော့ တွေ့ဆုံမှုမှာ ပါဝင်ခဲ့ကြတဲ့ နိုင်ငံရေးပါတီ အများစုဟာ စစ်တပ်နဲ့ နီးစပ်တဲ့ အင်အားစုတွေဖြစ်တယ်လို့ ပြောပါတယ်။ တွေ့ဆုံမှုအတွင်း ရွေးကောက်ပွဲမှာ မျှတမှုမရှိခဲ့ရင် တပ်မတော် အကြီးအကဲ တဦးအနေနဲ့ ဖြေရှင်းပေးနိုင်မလားဆိုတာကို လည်း နိုင်ငံရေးပါတီတွေက မေးမြန်းခဲ့ကြတယ်လို့ တက်ရောက် သူ တချို့က ပြောပါတယ်။ ဒါပေမဲ့လည်း စစ်တပ်က နိုင်ငံရေးမှာ ထဲထဲဝင်ဝင် ပတ်သက်တာမျိုးကို လျှော့ဖို့လိုပြီ လို့ နိုင်ငံရေး လေ့ လာသုံးသပ်သူဦးမင်းခင်က မြင်ပါတယ်။

"တပ်အနေနဲ့ တကယ့်အကျိုးစီးပွားစစ်စစ်က ဘာလဲဆိုတာတော့ မြင်ဖို့သင့်ပြီထင်တယ်။ အခြေအနေတွေလည်း အများကြီး ပြောင်းလဲလာတယ်။ နောင်လည်း ပြောင်းလဲဦးမယ်။တပ်မတော် အကျိုးစီးပွား စစ်စစ်ပေါ်မှာ ရပ်တည်ဖို့ကြိုးစားသင့်ပြီ။ အဲဒါကိုလည်း တိုင်းပြည်က နိုင်ငံရေး ခေါင်းဆောင်တွေ ကျန်တဲ့ တိုင်းရင်းသားတွေနဲ့ သေချာညှိနှိုင်း ဆွေးနွေးပြီးသွားဖို့ ကောင်းပြီ။ ခုက အကျပ်အတည်း တခုဆီကို သွားနေတယ်။ ဒါကိုသဘောပေါက်သင့်ပြီလို့ ယူဆတယ်" တွေ့ဆုံမှုအတွင်း ရွေးကောက်ပွဲနဲ့ ပတ်သက်တဲ့ ကိစ္စတွေ၊ ကိုယ်စားလှယ်လောင်း ရွေးချယ်ရာမှာ သိရှိသင့်တဲ့ အချက်တွေနဲ့ ပတ်သက်လို့ အမြင်ဖလှယ်ခဲ့ကြောင်းလည်း တပ်မတော်က သတင်းထုတ်ပြန် ထားပါတယ်။ https://burmese.voanews.com/a/myanmar-election-more-than-30-parties-meet-with-senior-general-min-aung-hlaing-/5544168.html

**************

၁၈။ ၂၀၂၀ ရွေးကောက်ပွဲတွင် ရခိုင်ပြည်နယ်မှ တစ်သီးပုဂ္ဂလဝင်ပြိုင်မည့် ကိုယ်စားလှယ်လောင်း ၄၀ ကျော်ရှိ

August 13, 2020 Development Media Group

လာမည့် ၂၀၂၀ ရွေးကောက်ပွဲတွင် ရခိုင်ပြည်နယ်မှ ဝင်ရောက်ယှဉ်ပြိုင်ရန် အမည်စာရင်းတင်သွင်းထားသည့် ကိုယ်စား လှယ်လောင်း ၃၈၆ ဦးရှိပြီး ယင်းအထဲတွင် တစ်သီးပုဂ္ဂလဝင်ပြိုင်မည့်ကိုယ်စားလှယ်လောင်း ၄၂ ဦး အထိရှိကြောင်း ပြည်နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့(ခွဲ)၏ ဩဂုတ်လ (၁၀)ရက်နေ့အထိ စာရင်းအရ သိရသည်။ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်လောင်း (၄၂)ဦးနှင့် နိုင်ငံရေးပါတီ(၁၈)ခုမှ ကိုယ်စားလှယ်လောင်း (၃၄၄)ဦးတို့မှာ ပြည်နယ်လွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် ချင်းတိုင်းရင်းသားရေးရာဝန်ကြီးနေရာတို့၌ ဝင်ရောက်ယှဉ်ပြိုင်ရန် လျှောက် ထားကြခြင်းဖြစ်သည်။

ပြည်နယ်လွှတ်တော် ၃၄ နေရာတွင် လျှောက်ထားသူ ၂၀၈ ဦး၊ ပြည်သူ့လွှတ်တော် ၁၇ နေရာတွင် လျှောက်ထားသူ ၁၀၃ ဦး၊ အမျိုးသားလွှတ်တော် ၁၂ နေရာတွင် လျှောက်ထားသူ ၆၆ ဦးနှင့် ချင်းတိုင်းရင်းသား ရေးရာဝန်ကြီးနေရာအတွက် လျှောက်ထားသူ ၉ ဦးအထိရှိသည်။ တစ်သီးပုဂ္ဂလအဖြစ် လျှောက်ထားသူ(၄၂)ဦးထဲတွင် ပါတီမှနုတ်ထွက်ခွင့်မရသည့် လက်ရှိလွှတ်တော် ကိုယ်စားလှယ်များနှင့် ပြင်ပမှမျက်နှာသစ်လူများလည်း ပါဝင်သည်။ "တစ်သီးပုဂ္ဂလအနေနဲ့ ဝင်ပြိုင်မယ် ဆိုတာကတော့ ကျနော်ကို အမ်းဒေသခံတွေက အမ်းဒေသရဲ့ ဖွံ့ဖြိုးရေး လုပ်ငန်းတွေလုပ်ဖို့အတွက် ဒီမှာလာပြီးအရွေး ခံပါဆိုပြီးပြောလာတာကြောင့် ပြည်သူတွေအားနဲ့ ဝင်ပြိုင်မှာ ဆိုတော့ အခက်အခဲမရှိပါဘူး"ဟု ဦးမြသန်းကဆိုသည်။

ရခိုင်ပြည်နယ်တွင် မဲရုံစုစုပေါင်း ၂၅၉၆ ရုံနှင့် ဆန္ဒမဲပေးခွင့်ရှိသူ စုစုပေါင်း ဆယ့်ခြောက်သိန်းလေးသောင်းကျော် ရှိကြောင်း ရခိုင်ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့(ခွဲ)မှ သိရသည်။ တိုက်ပွဲဖြစ်ပွားမှုများရှိနေသည့် ရခိုင်ပြည်မြောက်ပိုင်း မြို့နယ် များတွင် မဲစာရင်းလာရောက်ကြည့်ရှုသူ နည်းပါးနေပြီး ရွေးကောက်ပွဲအပေါ် စိတ်ဝင်စားမှုအားနည်းလျက်ရှိနေသည်။ https://www.bnionline.net/mm/news-74857

**************

၁၉။ **ဗန်းမော်ခရိုင်အတွင်း ကျေးရွာ ၅၀ ကျော်လျှပ်စစ်မီးရရှိနိုင်မည့် စင်းခန်းဓာတ်အားခွဲရုံ ဖွင့်လှစ်**

15 August 2020 By DVB

ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်အတွင်းရှိ ကျေးရွာ ၅၀ ကျော်၊ အိမ်ထောင်စုပေါင်း ၈၀၀၀ ကျော်အတွက် လျှပ်စစ်မီးပေးနိုင်မယ့် စင်းခန်းဓာတ်အားခွဲရုံသစ်ကို ဩဂုတ် ၁၄ ရက်က စတင် ဖွင့်လှစ်လိုက်ပါတယ်။

ကချင်ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဦးထွန်းတင်က "စင်းခန်းဓာတ်အားခွဲရုံ ဖွင့်ပွဲပြီးတာနဲ့ စင်းခန်းကျေးရွာအပါအဝင် ဗန်းမော်၊ ရွှေကူ၊ မံစီမြို့နယ်တွေရှိ ကျေးရွာပေါင်း ၅၀ ကျော်အထိ မီးလင်းနိုင်မှာဖြစ်ပြီး ကျေးရွာပြည်သူလူထုရဲ့ လူမှုရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ဖို့အတွက် တဖက်တလမ်းက အထောက်အကူ ဖြစ်လိမ့်မယ်လို့ ယုံကြည်ပါတယ်"လို့ ပြောပါတယ်။ အဆိုပါ ဓာတ်အားခွဲရုံကို ဒေသလိုအပ်ချက်အရ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှစတင်ပြီး ပြည်ထောင်စုဘဏ္ဍာငွေ ကျပ် ၇၅၀ သန်း၊ ပြည်နယ်ဘဏ္ဍာငွေကျပ် ၁၁၂၃ သန်းအထိ ဘဏ္ဍာရေးနှစ်အလိုက် သုံးစွဲတည်ဆောက်ခဲ့တာလို့ တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။

ကချင်ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဦးထွန်းတင်က အမှာစကားပြောကြားခဲ့ပြီး ပြည်နယ်အစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေး လျှပ်စစ်နှင့်စက်မှုဝန်ကြီး ဦးဝင်းညွန့်က ဓာတ်အားခွဲရုံ တည်ဆောက်မှုနှင့်ပတ်သက်ပြီး ရှင်းလင်းပြောဆိုခဲ့ကြပြီးနောက် မီးခလုတ်နှိပ်ကာ ဓာတ်အားစတင်ပို့လွှတ်ခဲ့ပါတယ်။ http://burmese.dvb.no/archives/404852

*************

၂၀။ **မွန်ပြည်နယ်အတွင်း သွေးလွန်တုတ်ကွေးဖြစ်ပွားသူ ရောဂါဖြစ်ပွားသူ ၈၀၀ ကျော်၊ သေဆုံးသူ ၃ ဦးရှိ**

စိုင်းထွန်းစံ (မော်လမြိုင်၊ ဩဂုတ်လ ၁၃ )

မွန်ပြည်နယ်အတွင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ဩဂုတ်လ ၈ ရက်နေ့အထိ (၈၇၆) ဦးခန့် သေဆုံးသူ (၃) ဦးရှိကြောင်း မွန်ပြည်နယ်ပြည်သူ့ကျန်မာရေးဦးစီးဌာန ဒုတိယလက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာစည်သူရဲနောင် ထံမှသိရသည်။ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုအများဆုံးစာရင်းတွင် မွန်ပြည်နယ်ပါဝင်နေသည့်အတွက် ပြည်သူများအနေဖြင့် ကိုဗစ် ၁၉ ကြိုတင်ကာကွယ်ခြင်းများဆောင်ရွက်သကဲ့သို့ သွေးလွန်တုတ်ကွေးရောဂါကိုလည်း မပေါ့ဆသင့်ကြောင်း ၎င်းက ဆိုသည်။

"မွန်ပြည်နယ်ကတော့ နှစ်တိုင်းဖြစ်ပွားတာပေါ့ အဓိကတော့ ရေသိုလှောင်မှုပေါ့ ခြင်လောက်လန်းပေါက်တဲ့နေရာတွေများတယ် လူတွေကလဲစနစ်တကျရေသိုလှောင်မှုမရှိဘူး တချို့အိမ်တွေကလည်း ပိတ်ထားကြတယ် ရွာထဲမှာနေပြီး အဲ့နေရာလေးတွေကျန်နေတယ် နောက်ပြီးတော့အမှိုက်တွေကလဲ စနစ်တကျသိမ်းဆည်းမှု မရှိဘူး အားနည်းတာတွေရှိတယ်။ သေဆုံးမှုကတော့ သူကရောဂါတစ်ခုခုနဲ့တွဲလာပြီးတော့ သေဆုံးတာများတယ် ၎င်းမှ ပြောကြားခဲ့သည်။ သွေးလွန် တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ပြည်သူလူထုအနေဖြင့် လိုက်နာဆောင်ရွက်ခြင်း၊ ပူပေါင်းပါဝင်မှုအားနည်းနေသေးကြောင်း ၎င်းကဆိုသည်။

သွေးလွန်တုပ်ကွေးဖြစ်ပွားမှု မွန်ပြည်နယ်မှာ မော်လမြိုင်မြို့နှင့် ပေါင်မြို့နယ်တို့တွင် ဖြစ်ပွားမှုအများဆုံးဖြစ်ပြီး ကျိုက်မရောမြို့နယ် မှ ၁ ဦး၊ ပေါင်မြို့နယ်မှ ၁ ဦးသေဆုံးကြောင်းသိရသည်။ တစ်နိုင်ငံလုံးတွင် ယခုနှစ် ဇန်နဝါရီလမှ ဇွန်လအထိ သွေလွန်တုပ်ကွေးရောဂါဖြစ်ပွားသူပေါင်း ၁၇၄၀ ဦး ၊ သေဆုံးသူ ၁၂ ဦးရှိကြောင်း ပြည်သူ့ကျန်းမာရေးဦးစီးဌာနစာရင်းအရ သိရသည်။ http://burmese.monnews.org/2020/08/13/%e1%80%99%e1%80%bd%e1%80%94%e1%80%

## ၂၁။ ကျောက်တော်မြို့မရဲစခန်းမှူး သေနတ်ပစ် လုပ်ကြံခံရ

August, 13 2020

ရခိုင်ပြည်နယ် ကျောက်တော်မြို့မရဲစခန်းမှူးကို မနေ့ညနေပိုင်းက စခန်းအနီး လက်ဖက်ရည်ဆိုင်မှာရှိနေစဉ် အမည်မသိ လူလေးဦးက သေနတ်နဲ့ လာရောက်ပစ်ခတ်လုပ်ကြံခဲ့တဲ့အတွက် အဲဒီနေရာမှာပဲ ပွဲချင်းပြီး သေဆုံးသွားခဲ့ပါတယ်။ ဒီလုပ်ကြံမှုဟာ ရက္ခိုင့်တပ်တော် AA တပ်ဖွဲ့ဝင်တွေ၊ ဒါမှမဟုတ် AA အပေါ် ထောက်ခံအားပေးသူတွေရဲ့ လက်ချက်ဖြစ်တယ်လို့ မြို့ခံတွေက ယူဆထားပါတယ်။ ရခိုင်ပြည်နယ် ကျောက်တော်မြို့ပေါ် မြို့မရဲစခန်းက စခန်းမှူးဖြစ်သူ ဒုရဲမှူး ထွန်းနိုင်ဦးကို မနေ့ညနေ ၈ နာရီ လောက်မှာ စခန်းနဲ့ ကိုက် ၃၀ ခန့်အကွာ လက်ဘက်ရည်ဆိုင်မှာ အမည်မသိ လူလေးယောက်က သေနတ်နဲ့ လာရောက်ပစ်ခတ်ခဲ့တာဖြစ်ပြီး ဦးခေါင်းနောက်စေ့မှာ ဒဏ်ရာတစ်ချက်၊ နောက်ကျောမှာ ကျည်ဒဏ်ရာနှစ်ချက်နဲ့ ပွဲချင်းပြီး သေဆုံးသွားတာလို့ မျက်မြင်သက်သေ မြို့ခံတွေကပြောပါတယ်။

မနေ့ညနေက ကျောက်တော်မြို့ပေါ်မှာ သေနတ်သံတွေ ဆက်တိုက်ထွက်ပေါ်ခဲ့ပြီးနောက်ပိုင်းမှာ မြို့မရဲစခန်းမှူး သေနတ်ဒဏ်ရာနဲ့ သေဆုံးတဲ့သတင်းကို ကြားသိခဲ့ရတယ်လို့ ကျောက်တော်မြို့ခံ ကိုကျော်လှမြင့်က RFA ကို ပြောပါတယ်။ စခန်းမှူးရဲ့ ရုပ်အလောင်းကို ရဲတပ်ဖွဲ့က အကူအညီတောင်းတာကြောင့် အဲဒီအလောင်းကို ရဲစခန်းဝန်းထဲကနေ ကျောက်တော်ဆေးရုံက ရင်ခွဲရုံကို မနေ့ကညနေပိုင်းက ပို့ဆောင်ခဲ့ရတယ်လို့ ကျောက်တော်မြို့နယ် နာရေးကူညီမှုအသင်းဥက္ကဋ္ဌ ဦးကျော်လှ ကလည်း RFA ကို အတည်ပြုပြောပါတယ်။ ကျောက်တော်မြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဖြစ်တဲ့ ဦးဦးမြင့်နိုင်ကို ဒီသတင်းနဲ့ပတ်သက်ပြီး ဆက်သွယ် မေးမြန်းရာမှာတော့ မနေ့က ညနေပိုင်းက ရဲစခန်းအနားမှာ ပစ်ခတ်သံတွေကြားရလို့ အနီးအနားက ဒေသခံတွေထွက်ပြေးခဲ့ရပြီး မနက်မိုးလင်းတဲ့အခါမှ ရဲစခန်းမှူးသေဆုံးတဲ့ သတင်းကို ကြားရတယ်လို့ ဦးဦးမြင့်နိုင်က ပြောပါတယ်။

ဒီဖြစ်ရပ်တွေနဲ့မှာ AA အဖွဲ့ပါဝင်ပတ်သက်တယ်လို့ ပြောဆိုကြတာတွေနဲ့ ပတ်သက်လို့လည်း RFA က မေးမြန်းရာမှာ AA အဖွဲ့က တစုံတရာ တုံ့ပြန်ဖြေကြားခြင်း မရှိခဲ့ပါဘူး။ ကျောက်တော်စခန်းမှူး လုပ်ကြံခံရမှုနဲ့ပတ်သက်လို့ တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့ကိုလည်း RFA က တယ်လီဖုန်းကနေ ဆက်သွယ်မေးမြန်းခဲ့ပါတယ်။ ဒါပေမယ့် ဆက်သွယ်လို့ မရခဲ့ပါဘူး။ https://www.rfa.org/burmese/news/kyauktaw-police-chief-assassinate-08132020064405.html

***************

## ၂၂။ သထုံမြို့နယ်တွင် ICE နှင့် WY မူးယစ်ဆေးဝါး ကျပ်သိန်းပေါင်း ၄ သောင်းနီးပါးတန်ဖိုး လက်ရဖမ်းဆီးမိ

နေမင်း (ဩဂုတ် ၁၃)

မွန်ပြည်နယ် သထုံမြို့နယ် ထောင်မှူးကျေးရွာအုပ်စုရှိ စားသောက်ဆိုင်ဝင်းတစ်ခုအတွင်းသို့ မော်တော်ကားဖြင့် ရောက်ရှိလာသော စိုင်းကျော်နိုင်(ခ) ကျော်ကျော်ထံမှ ICE နှင့် WY စာတမ်းပါ ပန်းရောင်စိတ်ကြွမူးယစ်ဆေးဝါးများ စုစုပေါင်းတန်ဘိုးငွေကျပ်သိန်းပေါင်း ၄ သောင်းခန့်ကို ယနေ့(ဩဂုတ် ၁၃) ည ၈ နာရီခွဲခန့်တွင် မွန်ပြည်နယ်ရဲတပ်ဖွဲ့ မှခင်းအကူဌာနစုမှ တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းအဖွဲ့က လက်ရဖမ်းဆီးခဲ့ကြောင်း သိရသည်။ မူးယစ်ဆေးဝါး ကြိုတင်သတင်းအရ ပူးပေါင်းအဖွဲ့စောင့်ဆိုင်းနေစဉ် မော်တော်ယာဉ်အမှတ် BGO 1L-3693 Honda Fit အမျိုးအစားဖြင့် TWO Lake ဆိုင်ဝင်းအတွင်းသို့ ရောက်ရှိလာသူ စိုင်းကျော်နိုင်(ခ) ကျော်ကျော် (အသက် (၂၉) နှစ်(ဘ) ဦးအိုက်ဆန်း ရှမ်းပြည်နယ် လားရှိုးမြို့) ထံမှ မူးယစ်ဆေးဝါးများနှင့်အတူ လက်ရဖမ်းဆီးရမိခြင်း ဖြစ်သည်။

Room 8, No.60, Insein Road, Block(9), Hlaing Township, Yangon. Ph: 0943094087, 09420222050
Email: journaloffederalism@gmail.com, Website: http://www.federaljournal.org

အဆိုပါ မော်တော်ယာဉ်ပေါ်တွင် ခရီးဆောင်အိတ် ၃ လုံးဖြင့် ထည့်ယူသယ်ဆောင်လာသည့် ICE တစ်ကီလိုဂရမ် အထုပ် (၂၂) ထုပ် အလေးချိန် (၂၂) ကီလိုဂရမ် တန်ဘိုးငွေကျပ် (၁၁၀၀၀) သိန်းခန့်နှင့် WY စာတမ်းပါ ပန်းရောင်စိတ်ကြွ မူးယစ်ဆေးဝါး (၅၆၅၅၀၀) ပြား တန်ဘိုးငွေကျပ် (၂၈၂၇၅) သိန်းခန့် စုစုပေါင်းတန်ဘိုးငွေသိန်း (၃၉၂၇၅) တို့ကို သက်သေနှင့် တကွဖမ်းဆီးရမိခဲ့ပြီး သုဓမ္မဝတီမြို့ နယ်မြေရဲစခန်းတွင် အမှုဖွင့်အရေးယူနိုင်ရန် ဆောင်ရွက်လျှက်ရှိကြောင်း သထုံမြို့နယ်ရဲစခန်းမှ သတင်းရရှိသည်။

ကျိုက်ထိုမြို့နယ်၊ မရမ်းချောင်စစ်ဆေးရေးဂိတ် ရှောင်လမ်းဘေးရှိ ရာဘာခြံအနီးတွင် မော်တော်ယာဉ် ၂ စီးနှင့်အတူတွေ့ရှိသူ ပင်လောင်းမြို့နယ်မှ ဒေါ်မဖြူ ၅၀ နှစ်နှင့် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်မှ စိုးမြင့် ၅၄ နှစ်တို့အား စစ်ဆေးရာဖွေရာ ယာဉ်ပေါ်ရှိ ကြက်သွန်အိတ်များအတွင်း ရောနှောသိုဝှက်သယ်ဆောင်လာသော ပလတ်စတစ်ကပ်ခွာအိတ်များဖြင့် ထည့်ထားသည့် စိတ်ကြွရူးသွပ်ဆေးပြား ၁၂၉၀၀၀၀ ပြား (ဒေသကာလပေါက်ဈေးတန်ဖိုးငွေကျပ်သိန်း ၆၄၅၀၀ ) ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။ http://burmese.monnews.org/2020/08/13/%e1%80%9e%e1%80%91%e1%80%af%e1%80%b6%e1%

မှတ်ချက်။ **သက်ဆိုင်ရာ သတင်းမီဒီယာအသီးသီးမှ ကောက်နုတ်ဖော်ပြခြင်း ဖြစ်ပါသည်။**

***** ပြီး *****